# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၄၀)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၆ ရက် ၊ ၈-၁-၂၀၂၆၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းကြရန်နှိုးဆော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အသိပေးနှိုးဆော်စာ
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)အား မြို့နယ် ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းလွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



၂၀၂၅ ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကာလက ဆိုင်ခန်းများနှင့် တည်းခိုဆောင်များကို တွေ့ရစဉ်။

## မန်းရွှေစက်တော်ဘုရားကြီးတွင် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေပြီး ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်

မင်းဘူး ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပစဉ်ကာလ ဘုရားဖူးလာရောက်ကြသူများ တည်းခိုနားနေနိုင်ရန် မန်းချောင်းသောင်ပြင်အတွင်း၌ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေပြီး ပွဲတော်ကာလ ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။

စာမျက်နှာ ၃ သို့ ✣

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၄၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၄၂၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့တောင်ဘက်ရေမိုင် ၆၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၃ သို့ ❁



၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၈ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေးနေ့စဉ်

## စားသုံးသူအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ စစ်ဆေးရေးအရာရှိ ၅၆၆ ဦးကို ခန့်အပ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင် လုပ်ငန်းညွှန်ကြားချက်နှင့်အစည်းအဝေး(၁/၂၀၂၆)ကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂)၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ နှင့် စားသုံးသူကာကွယ်ရေးနည်းဥပဒေ ၂၀၂၂ တို့ကို ထုတ်ပြန်ပြဋ္ဌာန်းထားပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍမှ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များက တင်ပြလာသည့် ၎င်းတို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသောကုန်စည်များ၌ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ညွှန်ကြားချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ စားသုံးသူရေးရာဦးစီးဌာနက စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကုန်စည်စုစုပေါင်း ၂၀၁၅၅ မျိုးကို စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စားသုံးသူတိုင်ကြားမှု စုစုပေါင်း ၂၈၅ မှုအနက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိုင်ကြားမှုအများဆုံးဖြစ်ပြီး တိုင်ကြားမှုအများဆုံးမှာ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး ဝန်ဆောင်မှုများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ တိုင်ကြားမှုများ များပြားရခြင်းအပေါ် စိစစ်သုံးသပ်ပြီး အသိပညာပေးမှုနှင့် လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများ၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပေးအပ်နိုင်ပါက မျှတသည့် ဈေးကွက်တစ်ခုကို ပုံဖော်နိုင်မည်ဖြစ်သည့်အပြင် ရေရှည်ရပ်တည်နိုင်မည်လည်းဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ကျင်းပသွားမည့် စားသုံးသူအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကော်မရှင်က ဆုံးဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် Safe Products, Confident Consumers ဟုသတ်မှတ်ထားရာ စားသုံးသူအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် သက်ဆိုင်ရာဌာနများ၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေလင်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

### ၇ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပ

**ပုသိမ်ကြီး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပခြင်းကို ယနေ့နံနက် ၉ နာရီက အ.ထ.က ပုသိမ်ကြီးရှိ အောင်ဇမ္ဗူခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အ.ထ.က ပုသိမ်ကြီး ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသိန်းဒန် က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းဆုများနှင့် ထူးချွန်ဆု ရရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ အဖွဲ့ဝင် ဗိုလ်မှူးဝေယံမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက ဆုများကိုအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကပြဖျော်ဖြေခဲ့ပြီး အခမ်းအနားကို ပြည်မြန်မာသီချင်းဖြင့် သီဆိုပိတ်သိမ်းခဲ့ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စာနည်ကိုကို**

**(ပြန်/ဆက်)**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မြို့ပတ်လမ်း၊ နည်းပညာတက္ကသိုလ်ရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၉ လမ်းနှင့် လမ်း၆၀ကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင် လည်းကောင်း၊ ဇန်နဝါရီ ၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ဒေါနဘွားရပ်ကွက်၊ ဓာတ်ငွေ့စက်ရုံအနီးနှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်–၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နီကာရာဂွါသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ နှင့် မစ္စ ရိုဆာရီယို မူရီလို တို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နီကာရာဂွါသမ္မတနိုင်ငံ အစိုးရကိုယ်စား နီကာရာဂွါပြည်သူများနှင့် မိမိမှ အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နီကာရာဂွါအစိုးရအနေဖြင့် မြန်မာပြည်သူများ ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့သည့် အမျိုးသားရေး စရိုက်လက္ခဏာများကို ခိုင်မာစေသည့် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝမှု၊ ဘာသာတရားကိုင်းရှိုင်းမှုနှင့် ညီရင်းအစ်ကိုစိတ်ဓာတ်တို့အပေါ် အလေးအနက် အသိအမှတ်ပြု တန်ဖိုးထားပါသည်။

မိမိတို့အနေဖြင့် ယခုကဲ့သို့သော အခါသမယတွင် သာယာလှပသော မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် မြန်မာပြည်သူများအားလုံး အပြန်အလှန်နားလည်မှုနှင့် ကောင်းကျိုးချမ်းသာများဖြင့် အနာဂတ်လမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို ခိုင်မာလာစေရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။

ချစ်ခင်လေးစားရပါသော ညီအစ်ကိုရင်းချာ ယာယီသမ္မတကြီးခင်ဗျာ မြန်မာပြည်သူများအတွက် ပေးပို့သော နီကာရာဂွါပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုကို လက်ခံပေးပါရန် ပြောကြားလိုပါသည်။

# ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးစီးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရွေးချယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ဇာတ်ကားများထဲမှ ရွေးချယ်ထားသော ဆန်ခါတင်ဇာတ်ကားများကို ဆုရွေးချယ်ရေးဆပ်ကော်မတီက အသေးစိတ်ကြည့်ရှုစစ်ဆေးနေပြီဖြစ်ပါကြောင်း၊ အခမ်းအနားပြင်ဆင်ရေးအတွက် Forever Group Company Limited နှင့် ပေါင်းစပ်ပြီး ယခင်နှစ်များထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။(ဝဲပုံ)

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် ဆုချီးမြှင့်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အခမ်းအနားအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဦးစီးကော်မတီအဖွဲ့ဝင်များနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**

✣ ရှေ့ဖုံးမှ

"အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ရင်း ညအိပ်တည်းခိုနားနေနိုင်စေဖို့ တည်းခိုဆောင်အခန်းပေါင်း ၅၁၉ ခန်းနဲ့ ဈေးဆိုင်ခန်းပေါင်း ၇၇၉ ခန်းကို ဆောက်လုပ်နေပါတယ်။ ယခုလက်ရှိ ဘုရားပရိဝုဏ်အတွင်း တည်ဆောက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအားလုံးကို မကြာမီရက်ပိုင်းအတွင်း အပြီးဆောင်ရွက်သွားမှာပါ။ တည်းခိုဆောင် ငှားရမ်းခနှုန်းထားတွေကတော့ တစ်ရက်ကို အထူးခန်း(VIP) တည်းခိုဆောင် (ရေချိုးခန်းနှင့် သန့်စင်ခန်းအပါ) ရေစပ်(ကမ်းစပ်) တစ်ခန်းကို ငွေကျပ် ၁၁၀၀၀၀ နှုန်း၊ ရိုးရိုး တည်းခိုဆောင် ရေစပ်(ကမ်းစပ်)တစ်ခန်းကို ငွေကျပ် ၈၀၀၀၀၊ ၆၀၀၀၀ နှုန်းနဲ့ ရိုးရိုးတည်းခိုဆောင် ရေစပ်(ကမ်းစပ်)တစ်ခန်းကို ငွေကျပ် ၆၀၀၀၀၊ ကုန်းပေါ်တစ်ခန်းကို ငွေကျပ် ၄၀၀၀၀ နှုန်းဆိုပြီး ညှိနှိုင်းသတ်မှတ်ပေးထားပါတယ်။ ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာတည်းခိုနားနေနိုင်စေဖို့အတွက် တည်းခိုဆောင်ငှားရမ်းခတွေကို သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံပါက တိုင်ကြားနိုင်သလို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ (တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ)ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးများ သွားလာရေး အဆင်ပြေစေရန်အတွက် သောင်ပြင်အတွင်း၌ ယာယီဘေလီသံပေါင်တံတား (အထူးတံတား) တစ်စင်းကို တပ်ဆင်ဆောက်လုပ်ပေးထားကာ မင်းဘူး-ရွှေစက်တော်၊ ရွှေစက်တော်အခြေပြု တောင်ပေါ်-တောင်အောက်နှင့် ရွှေစက်တော်-ဆင်စခန်း မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ဗိုလ်လုပွဲကို မန္တလေး အားကစားနှင့်ကာယပညာသိပ္ပံ ဘော်လီဘောအားကစားရုံတွင် ဇန်နဝါရီ ၅ရက် နံနက်ပိုင်းက ကျင်းပရာ ပညာရေးဒီဂရီကောလိပ်အသင်းနှင့် BSC အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ BSC အသင်းက သုံးပွဲ၊ တစ်ပွဲဖြင့် နိုင်ကာ ပထမရရှိပြီး ပညာရေးဒီဂရီကောလိပ်အသင်းက ဒုတိယရရှိကာ အား/ကာသိပ္ပံအသင်းက တတိယရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် မန္တလေးအား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်တို့က ပထမဆုရ BSC အသင်းကို ဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရ ပညာရေးဒီဂရီကောလိပ်အသင်းကို ဆုငွေကျပ်ခုနစ်သိန်းနှင့် တတိယဆုရ အား/ကာသိပ္ပံအသင်းကို ဆုငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်း)**

၀-၀-၀-၀-၀

❁ ရှေ့ဖုံးမှ

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၅ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၇ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ ခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

သင့်သွေးဖြင့် အသက်ကယ်ပါ။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၁၀ / ၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြု ပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **မွန်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးဇေယျာဦး | ၁၀/သဖရ(နိုင်) ၀၀၀၃၉၁ | ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးအောင်ထွဋ် | ၆/ကသန(နိုင်) ၀၀၃၅၂၃ | ကျိုက်မရောမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးအောင်ကြည်သိန်း | ၁၂/မရက(နိုင်) ၀၁၈၁၅၀ | ချောင်းဆုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးတင်ဇော်ထွန်း | ၁၀/မလမ(နိုင်) ၀၉၅၄၃၆ | မော်လမြိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဒေါ်လေးမိုးသူ | ၁၀/သထန(နိုင်) ၀၈၆၃၈၃ | သထုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၆) | ဒေါ်သီသီမွန် | ၁၂/ကမရ(နိုင်) ၀၅၀၀၄၂ | ကမာရွတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးသိန်းနိုင် | ၁၂/ကတတ(နိုင်) ၀၀၁၉၆၂ | ကျောက်တံတားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးဝင်းသက် | ၁၂/တကန(နိုင်) ၁၀၁၀၆၇ | တိုက်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးနေဝင်း | ၁၂/တတန(နိုင်) ၀၁၇၀၄၅ | တွံတေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးစိုးယု | ၁၂/ကမရ(နိုင်) ၀၃၇၁၆၀ | ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးအောင်မိုးကျော် | ၁၃/ရစန(နိုင်) ၀၀၄၈၃၅ | ဗိုလ်တထောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးမင်းသိန်းထွန်း | ၈/ရစက(နိုင်) ၀၉၅၃၃၈ | မရမ်းကုန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးမျိုးမင်းနိုင် | ၁၂/မဂဒ(နိုင်) ၁၀၄၆၆၅ | မင်္ဂလာဒုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးကြည်မြင့် | ၁၂/မဘန(နိုင်) ၀၁၇၁၈၆ | မှော်ဘီမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးနိုင်ဝင်း | ၁၂/မဂတ(နိုင်) ၀၀၀၁၁၇ | သဃ်န်းကျွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရန်မျိုးအောင် | ၁၄/ဖပန(နိုင်) ၁၄၀၉၂၈ | သန်လျင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်ဇင်ဇင်မျိုးထွန်း | ၁၂/ကမတ(နိုင်) ၀၆၄၅၉၅ | အလုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၈) | ဦးအာကာလင်း | ၁၃/လရန(နိုင်) ၁၂၃၇၈၀ | ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ခွန်ညီမောင် | ၁၃/ဆဆန(နိုင်) ၀၅၅၄၁၇ | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်အောင်သန်း | ၁၃/နခတ(နိုင်) ၀၀၃၄၀၅ | နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | စိုင်းဟွမ်နွံ့ | ၁၃/ကတန(နိုင်) ၀၀၆၀၀၆ | ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | စိုင်းအွန်ခမ်း | ၁၃/တခလ(နိုင်) ၀၄၁၃၃၄ | တာချီလိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ခွန်ကြည် | ၁၃/တကန(နိုင်) ၂၀၉၃၈၅ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးလင်းအောင်ဆွေ | ၁၂/ဒဂန(နိုင်) ၀၁၆၁၉၆ | နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးနေဘ်တောင် | ၁၃/မဆတ(နိုင်) ၀၃၃၈၈၄ | မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | စိုင်းခတ္တိယ | ၁၃/မဆန(နိုင်) ၀၁၂၃၅၁ | မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဒေါက်တာလဆိုင်း | ၁၃/လရန(နိုင်) ၀၀၇၁၄၂ | လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | စိုင်းကျော်ငွေး | ၁၃/လခတ(နိုင်) ၀၀၁၃၅၂ | လင်းခေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ခွန်သက်နိုင် | ၁၃/လလန(နိုင်) ၀၇၀၀၄၃ | လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃၀) | ဦးမြင့်ကြိုင် | ၁၄/ကပန(နိုင်) ၀၀၅၄၂၇ | ကျုံပျော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးအေးကျော် | ၇/တငန(နိုင်) ၁၁၆၀၀၁ | ပုသိမ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးစောသောင်းဒန် | ၁၄/မအပ(နိုင်) ၀၃၉၉၉၇ | မအူပင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးစိုးနိုင် | ၁၄/မမန(နိုင်) ၁၁၀၄၈၄ | မြောင်းမြမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးစိုးပိုင် | ၁၄/ကခန(နိုင်) ၀၂၃၆၉၃ | ကြံခင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးမျိုးမင်းသန်း | ၁၄/မအန(နိုင်) ၁၄၈၅၀၀ | မြန်အောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးစန်းမင်း | ၁၄/လပတ(နိုင်) ၀၁၁၀၀၁ | လပွတ္တာမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးအေးဟန် | ၁၄/ဟသတ(နိုင်) ၀၉၄၇၂၇ | ဟင်္သာတမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲ ပါဝင်သရုပ်ဆောင်သူများနှင့် ပရိသတ်များ တွေ့ဆုံ

**မန္တလေး ဇန်နဝါရီ ၇**

လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်သူများနှင့် မန္တလေးမြို့ရှိ ပရိသတ်များ တွေ့ဆုံပွဲကို ဇန်နဝါရီ ၆ရက် ညနေပိုင်းက မင်္ဂလာမန္တလေး ပရိမိုးရှင်းဧရိယာတွင်ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် လာရောက်အားပေးသော ပရိသတ်များနှင့် ဂိမ်းကစားခြင်း၊ အမှတ်တရလက်ဆောင်များပေးခြင်းနှင့် ရင်းရင်းနှီးနှီးစကားပြောကြားခြင်းများကို ပြုလုပ်ခဲ့သည်။

ရုပ်သံဇာတ်လမ်းတွဲအား HEY Play နှင့် Niyyayana Entertainment တို့ ပူးပေါင်းကာ ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ပြီး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ ကောင်းဆက်နိုင်၊ ဘုန်းမင်းနေလ၊ မြတ်သူသူ၊ ဩဂတ်စ်မိုး၊ မေရီမောင်၊ မီးကိုခန့်၊ စောလပြည့်ဝန်း၊ သက်ဦးကို၊ သခ်သူ၊ မင်းကမ္ဘာ၊ အောင်ဖြိုးဟိန်း၊ စိုင်းဇေယျ၊ ကောင်းခန့်စိုး၊ ဇင်မင်းစိုး၊ စစ်ဝဏ္ဏကျော်စွာ၊ အိမ့်ကြည်ဖြူ၊ သီရိကြိုးကြာ၊ ပန်းသုခ၊ ပိုးသားခင်ခင်၊ နှင်းနန္ဒာမောင်၊ လဝန်းဝသဘာန်၊ ပိုးသားခင်ခင်၊ နှင်းနန္ဒာမောင်၊ အကယ်ဒမီမြတ်ကေသီအောင်၊ မင်းဟိဏ်း၊ ဒေါင်းဝေနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားရှိသော ဇာတ်လမ်းတွဲတစ်ခုဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်–၈)

၀–၀–၀–၀



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၁)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | မွန်ပြည်နယ် | | | | | | |
| ၁ | ကျိုက်ထို | | | ၂၀၉၇၀ | ၂၃၇၈ | ၂၃၃၄၈ | |
| | | ဦးဇေယျာဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၇၀၉ | ၁၉၁၆ | ၉၆၂၅ | ၄၁.၂၂% |
| | | ဦးရဲခန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉၄၄ | ၁၈၀ | ၄၁၂၄ | ၁၇.၆၆% |
| | | ဒေါ်တင်တင်နွယ် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၄၅၇ | ၅၇ | ၃၅၁၄ | ၁၅.၀၅% |
| | | ဦးကျော်ဝင်းထွန်း | မွန်ညီညွတ်ရေးပါတီ | ၂၆၇၁ | ၉၃ | ၂၇၆၄ | ၁၁.၈၄% |
| | | ဦးဝင်းကြည်(ခ)မင်းကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၃၉ | ၆၈ | ၁၉၀၇ | ၈.၁၇% |
| | | ဒေါ်သွယ်သွယ်ဦး | ပြည်သူ့ပါတီ | ၁၃၅၀ | ၆၄ | ၁၄၁၄ | ၆.၀၆% |
| ၂ | ကျိုက်မရော | | | ၁၆၄၀၉ | ၄၆၆၃ | ၂၁၀၇၂ | |
| | | ဦးအောင်ထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၀၀ | ၄၂၀၄ | ၁၀၀၀၄ | ၄၇.၄၇% |
| | | ဒေါက်တာနိုင်လှအောင် | မွန်ညီညွတ်ရေးပါတီ | ၄၆၆၉ | ၂၂၃ | ၄၈၉၂ | ၂၃.၂၂% |
| | | ဦးအောင်ဇော်စိုး | ပြည်သူ့ပါတီ | ၂၀၆၉ | ၆၅ | ၂၁၃၄ | ၁၀.၁၃% |
| | | ဒေါ်ကြူကြူမွှေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၈၃၈ | ၅၇ | ၁၈၉၅ | ၈.၉၉% |
| | | ဦးဘိုးပိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၃၆ | ၆၇ | ၁၃၀၃ | ၆.၁၈% |
| | | ဦးအောင်တင်ထူး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၇ | ၄၇ | ၈၄၄ | ၄.၀၁% |
| ၃ | ချောင်းဆုံ | | | ၄၈၆၃၈ | ၂၉၇၉ | ၅၁၆၁၇ | |
| | | ဦးအောင်ကြည်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၉၆၁ | ၂၁၇၀ | ၂၁၁၃၁ | ၄၀.၉၄% |
| | | ဦးနိုင်ထွန်းဦး | မွန်ညီညွတ်ရေးပါတီ | ၂၀၀၃၂ | ၅၈၃ | ၂၀၆၁၅ | ၃၉.၉၄% |
| | | ဒေါ်စီစီမာ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၇၉၂ | ၉၀ | ၃၈၈၂ | ၇.၅၂% |
| | | ဦးကျော်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၈၃ | ၈၄ | ၃၆၆၇ | ၇.၁၀% |
| | | ဦးခန့်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၇၀ | ၅၂ | ၂၃၂၂ | ၄.၅၀% |
| ၄ | မော်လမြိုင် | | | ၈၅၃၉၅ | ၅၃၇၅ | ၉၀၇၇၀ | |
| | | ဦးတင်ဇော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၄၇၉ | ၃၉၉၇ | ၃၂၄၇၆ | ၃၅.၇၈% |
| | | ဦးနေလင်းကျော် | မွန်ညီညွတ်ရေးပါတီ | ၂၆၀၇၅ | ၅၃၃ | ၂၆၆၀၈ | ၂၉.၃၁% |
| | | ဦးသန်းအောင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၈၂၃၃ | ၁၇၁ | ၈၄၀၄ | ၉.၂၆% |
| | | ဦးမျိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၀၄ | ၂၁၇ | ၆၃၂၁ | ၆.၉၆% |
| | | ဦးအောင်ထွန်းမြင့် | ပြည်သူ့ပါတီ | ၄၇၄၉ | ၁၄၃ | ၄၈၉၂ | ၅.၃၉% |
| | | ဦးဟိန်းလင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၂၆ | ၁၄၅ | ၄၆၇၁ | ၅.၁၅% |
| | | ခွန်ကျော်ဆန်း | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၈၆၉ | ၁၁၉ | ၃၉၈၈ | ၄.၃၉% |
| | | ဦးဇော်မျိုးလတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၆၀ | ၅၀ | ၃၄၁၀ | ၃.၇၆% |
| ၅ | သထုံ | | | ၄၁၆၀၉ | ၄၂၄၇ | ၄၅၈၅၆ | |
| | | ဒေါ်လေးမိုးသူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၀၅၉ | ၃၃၂၅ | ၁၆၃၈၄ | ၃၅.၇၃% |
| | | ခွန်သက်မောင်မောင် | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၆၆၄ | ၂၁၁ | ၇၈၇၅ | ၁၇.၁၇% |
| | | ဒေါ်စုမြတ်သွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၄၅၁ | ၁၉၃ | ၆၆၄၄ | ၁၄.၄၉% |
| | | ဦးဝင်းဇော်ဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၈၃၀ | ၂၇၅ | ၆၁၀၅ | ၁၃.၃၁% |
| | | ဦးဟန်ဝင်းအောင် | မွန်ညီညွတ်ရေးပါတီ | ၃၄၄၄ | ၁၁၅ | ၃၅၅၉ | ၇.၇၆% |
| | | ဦးယဉ်ဝင်းနိုင် | ပြည်သူ့ပါတီ | ၂၈၅၁ | ၆၂ | ၂၉၁၃ | ၆.၃၅% |
| | | ဦးဝင်းမင်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၁၀ | ၆၆ | ၂၃၇၆ | ၅.၁၉% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၆ | ကမာရွတ် | | | ၁၂၈၄၅ | ၉၀၉ | ၁၃၇၅၄ | |
| | | ဒေါ်သီသီမွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၄၁ | ၆၂၉ | ၅၀၇၀ | ၃၆.၈၆% |
| | | ဦးမြင့်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၂၀ | ၆၆ | ၂၄၈၆ | ၁၈.၀၇% |
| | | ဦးထင်လင်းအောင် | ပြည်သူ့ပါတီ | ၁၈၁၆ | ၅၈ | ၁၈၇၄ | ၁၃.၆၃% |
| | | ဒေါ်အေးစန္ဒာမြင့် | တစ်သီးပုဂ္ဂလ | ၁၆၀၄ | ၆၃ | ၁၆၆၇ | ၁၂.၁၂% |
| | | ဦးသူထက်ကျော်လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၆၀ | ၆၂ | ၁၆၂၂ | ၁၁.၇၉% |
| | | ဒေါ်စောစန္ဒာမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၀၄ | ၃၁ | ၁၀၃၅ | ၇.၅၃% |
| ၇ | ကျောက်တံတား | | | ၆၄၀၈ | ၇၃၈ | ၇၁၄၆ | |
| | | ဦးသိန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၀၂ | ၅၈၃ | ၃၅၈၅ | ၅၀.၁၇% |
| | | ဦးကိုကိုနိုင် | ပြည်သူ့ပါတီ | ၁၀၇၈ | ၅၂ | ၁၁၃၀ | ၁၅.၈၁% |
| | | ဦးတင်ဇာလီဝင်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၈၉ | ၂၉ | ၇၁၈ | ၁၀.၀၅% |
| | | ဦးမြသိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၆ | ၃၀ | ၆၁၆ | ၈.၆၂% |
| | | ဦးချစ်သက်ပိုင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၂ | ၂၄ | ၅၇၆ | ၈.၀၆% |
| | | ဦးမြင့်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၀၁ | ၂၀ | ၅၂၁ | ၇.၂၉% |
| ၈ | တိုက်ကြီး | | | ၁၁၆၄၀၇ | ၁၆၇၂၀ | ၁၃၃၁၂၇ | |
| | | ဦးဝင်းသက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၈၉၁၉ | ၁၁၉၅၀ | ၅၀၈၆၉ | ၃၈.၂၁% |
| | | ဒေါ်အေးအေးပို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၃၁၃ | ၁၄၂၁ | ၁၉၇၃၄ | ၁၄.၈၂% |
| | | ဦးကျော်ကျော်လင်း | ပြည်သူ့ပါတီ | ၁၃၂၆၄ | ၇၅၇ | ၁၄၀၂၁ | ၁၀.၅၃% |
| | | ဦးမင်းနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၉၈၃ | ၅၁၄ | ၁၁၄၉၇ | ၈.၆၄% |
| | | ဦးမျိုးဇော်ထွေး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၈၈၉ | ၅၂၃ | ၉၄၁၂ | ၇.၀၇% |
| | | ဦးနေဇာလင်း | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၈၄၂ | ၆၂၈ | ၈၄၇၀ | ၆.၃၆% |
| | | ဦးမှန်းတင်အောင်နိုင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၃၇ | ၄၀၂ | ၇၆၃၉ | ၅.၇၄% |
| | | ဒေါ်ခင်စန်းဝင်း | ဒီမိုကရက်တစ်ပါတီ | ၅၈၆၆ | ၂၂၄ | ၆၀၉၀ | ၄.၅၈% |
| | | ဒေါ်နွေဦးမွန် | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၅၀၉၄ | ၃၀၁ | ၅၃၉၅ | ၄.၀၅% |

စာမျက်နှာ ၆ သို့ ❖

❖ စာမျက်နှာ ၅ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | တွံတေး | | | ၁၀၈၈၀၂ | ၄၉၅၇ | ၁၁၃၇၅၉ | |
| | | ဦးနေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၂၃၇ | ၃၄၁၉ | ၄၅၆၅၆ | ၄၀.၁၃% |
| | | ဦးဗညားဆွေထွန်း | စစ်မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၇၈၁၀ | ၅၆၂ | ၂၈၃၇၂ | ၂၄.၉၄% |
| | | ဒေါ်တင်ထားဝေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၃၈၂ | ၃၁၉ | ၉၇၀၁ | ၈.၅၃% |
| | | ဦးဇော်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၁၉ | ၃၀၉ | ၉၆၂၈ | ၈.၄၆% |
| | | ဒေါ်မျိုးပပအောင် | ပြည်သူ့ပါတီ | ၈၀၉၂ | ၁၁၇ | ၈၂၀၉ | ၇.၂၂% |
| | | ဦးမျိုးကိုကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၁၃၄ | ၉၅ | ၇၂၂၉ | ၆.၃၆% |
| | | ဦးဝင်းဇော် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၂၈ | ၁၃၆ | ၄၉၆၄ | ၄.၃၆% |
| ၁၀ | ဒဂုံမြို့သစ်(တောင်ပိုင်း) | | | ၈၁၇၁၄ | ၂၃၃၅ | ၈၄၀၄၉ | |
| | | ဦးစိုးယု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၄၈၆ | ၁၇၂၃ | ၃၀၂၀၉ | ၃၅.၉၄% |
| | | ဒေါ်နွယ်နီကျော် | ပြည်သူ့ပါတီ | ၁၂၄၈၃ | ၁၁၃ | ၁၂၅၉၆ | ၁၄.၉၉% |
| | | ဦးကျော်ရဲပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၁၃၅ | ၁၆၃ | ၁၁၂၉၈ | ၁၃.၄၄% |
| | | ဦးနေဇော်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၀၃၀ | ၁၂၈ | ၁၁၁၅၈ | ၁၃.၂၈% |
| | | ဦးသန့်ဇော်မိုး | တစ်သီးပုဂ္ဂလ | ၇၆၇၁ | ၁၂၂ | ၇၇၉၃ | ၉.၂၇% |
| | | ဦးချမ်းဝင်းဟန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၆၀ | ၆၇ | ၅၆၂၇ | ၆.၆၉% |
| | | ဦးနေလင်းထွဋ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၄၉ | ၁၉ | ၅၃၆၈ | ၆.၃၉% |
| ၁၁ | ဗိုလ်တထောင် | | | ၁၂၀၄၄ | ၃၀၁၃ | ၁၅၀၅၇ | |
| | | ဦးအောင်မိုးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၅၈၁ | ၂၈၆၃ | ၈၄၄၄ | ၅၆.၀၈% |
| | | ဒေါ်ခင်မျိုးထက် | ပြည်သူ့ပါတီ | ၂၅၂၂ | ၅၈ | ၂၅၈၀ | ၁၇.၁၄% |
| | | ဒေါ်သင်းသင်းမျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၆၆ | ၄၄ | ၂၁၁၀ | ၁၄.၀၁% |
| | | ဦးနန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၇၅ | ၄၈ | ၁၉၂၃ | ၁၂.၇၇% |
| ၁၂ | မရမ်းကုန်း | | | ၄၀၀၇၀ | ၂၉၈၁ | ၄၃၀၅၁ | |
| | | ဦးမင်းသိန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၅၈၅ | ၂၄၅၃ | ၁၉၀၃၈ | ၄၄.၂၂% |
| | | ဒေါ်ဝါဝါလွင် | ပြည်သူ့ပါတီ | ၅၈၉၇ | ၁၀၀ | ၅၉၉၇ | ၁၃.၈၄% |
| | | ဒေါ်နီနီစော | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၆၂ | ၁၅၉ | ၅၆၂၁ | ၁၃.၀၆% |
| | | ဒေါ်လှသိန်းငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၁၂ | ၁၁၂ | ၅၁၂၄ | ၁၁.၉၄% |
| | | ဒေါ်သဥ္ဇာသိမ့်သိမ့်လှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၃၆ | ၉၆ | ၄၂၃၂ | ၉.၈၃% |
| | | ဒေါ်မီမီစိုးမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၀၉ | ၅၂ | ၃၀၆၁ | ၇.၁၁% |
| ၁၃ | မင်္ဂလာဒုံ | | | ၉၂၉၃၆ | ၁၁၆၈၃ | ၁၀၄၆၁၉ | |
| | | ဦးမျိုးမင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၅၉၈ | ၁၀၀၉၅ | ၅၂၆၉၃ | ၅၀.၃၇% |
| | | ဒေါ်ကျော့အိအိဇင် | ပြည်သူ့ပါတီ | ၁၂၄၁၃ | ၃၁၀ | ၁၂၇၂၃ | ၁၂.၁၆% |
| | | ဦးပြည့်ဖြိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၆၅၀ | ၃၈၄ | ၁၁၀၃၄ | ၁၀.၅၅% |
| | | ဦးစိုးဝင်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၀၄၃ | ၃၆၆ | ၁၀၄၀၉ | ၉.၉၅% |
| | | ဦးညီညီထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၆၄ | ၂၀၆ | ၆၆၇၀ | ၆.၃၇% |
| | | ဦးဇော်ဇော်ထက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၀၇ | ၁၄၂ | ၅၇၄၉ | ၅.၄၉% |
| | | ဒေါ်မြတ်ဆုမွန် | တစ်သီးပုဂ္ဂလ | ၅၁၆၁ | ၁၈၀ | ၅၃၄၁ | ၅.၁၁% |
| ၁၄ | မှော်ဘီ | | | ၁၀၃၈၁၁ | ၁၃၁၀၅ | ၁၁၆၉၁၆ | |
| | | ဦးကြည်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၈၂၇ | ၁၁၀၄၀ | ၅၈၈၆၇ | ၅၀.၃၅% |
| | | ဦးဝင်းတင် | ပြည်သူ့ပါတီ | ၁၂၃၈၀ | ၃၇၆ | ၁၂၇၅၆ | ၁၀.၉၁% |
| | | ဒေါ်စောယုနန္ဒာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၀၇၈ | ၅၇၇ | ၁၁၆၅၅ | ၉.၉၇% |
| | | ဒေါ်ယဉ်ယဉ်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၂၃ | ၄၉၆ | ၁၀၀၁၉ | ၈.၅၇% |
| | | ဒေါ်ခင်ခင်လှိုင် | ဒီမိုကရက်တစ်ပါတီ | ၆၅၁၃ | ၁၅၇ | ၆၆၇၀ | ၅.၇၀% |
| | | ဒေါ်အေးအေးသွယ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၄ | ၁၂၉ | ၅၇၆၃ | ၄.၉၃% |
| | | ဦးလှိုင်ဘွား | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၅၁ | ၁၂၉ | ၄၀၈၀ | ၃.၄၉% |
| | | ဦးသန်းအုန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၅၃ | ၁၂၅ | ၄၀၇၈ | ၃.၄၉% |
| | | ဒေါ်သဥ္ဇာထွေး | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၂၉၅၂ | ၇၆ | ၃၀၂၈ | ၂.၅၉% |
| ၁၅ | သဃ်န်းကျွန်း | | | ၄၄၆၃၆ | ၂၀၃၈ | ၄၆၆၇၄ | |
| | | ဦးနိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၅၉၁ | ၁၂၁၉ | ၁၅၈၁၀ | ၃၃.၈၇% |
| | | ဦးစိုးထက်ဝင်း | ပြည်သူ့ပါတီ | ၆၉၄၉ | ၁၆၉ | ၇၁၁၈ | ၁၅.၂၅% |
| | | ဦးတင်ကိုကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၀၆ | ၁၇၉ | ၅၃၈၅ | ၁၁.၅၃% |
| | | ဦးပြည့်ဖြိုးပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၃၉ | ၁၅၀ | ၄၆၈၉ | ၁၀.၀၅% |
| | | ဦးအောင်ကိုကိုဖုန်း | တစ်သီးပုဂ္ဂလ | ၄၁၀၈ | ၇၄ | ၄၁၈၂ | ၈.၉၆% |
| | | ဒေါ်မြင့်မြင့်မေ | တစ်သီးပုဂ္ဂလ | ၃၄၄၉ | ၉၇ | ၃၅၄၆ | ၇.၆၀% |
| | | ဒေါ်နိုင်စပါယ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၄၂ | ၇၂ | ၃၀၁၄ | ၆.၄၆% |
| | | ဦးသန့်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၅၂ | ၇၈ | ၂၉၃၀ | ၆.၂၈% |
| ၁၆ | သန်လျင် | | | ၁၀၅၁၁၆ | ၉၆၂၀ | ၁၁၄၇၃၆ | |
| | | ဦးရန်မျိုးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၆၈ | ၇၈၂၀ | ၅၂၉၈၈ | ၄၆.၁၈% |
| | | ဦးမြင့်သန်း | ပြည်သူ့ပါတီ | ၁၇၅၁၇ | ၄၄၉ | ၁၇၉၆၆ | ၁၅.၆၆% |
| | | ဦးဇာနည်တင့်ဝေ(ခ)ကောင်းမင်းခန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၂၉၈ | ၆၂၆ | ၁၇၉၂၄ | ၁၅.၆၂% |
| | | ဒေါ်ယုယုခိုင် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၀၂ | ၄၁၄ | ၁၄၂၁၆ | ၁၂.၃၉% |
| | | ဦးခင်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၃၁ | ၃၁၁ | ၁၁၆၄၂ | ၁၀.၁၅% |
| ၁၇ | အလုံ | | | ၈၉၈၁ | ၁၀၀၂ | ၉၉၈၃ | |
| | | ဒေါ်ဇင်ဇင်မျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၅ | ၅၀၇ | ၃၃၄၂ | ၃၃.၄၄% |
| | | ဦးခင်မောင်ဝင်း | ပြည်သူ့ပါတီ | ၂၄၄၁ | ၁၆၄ | ၂၆၀၅ | ၂၆.၀၇% |
| | | ဒေါ်အေးစန္ဒာမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၁ | ၁၈၃ | ၂၃၈၄ | ၂၃.၈၆% |
| | | ဦးနန္ဒမျိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၀၄ | ၁၅၈ | ၁၆၆၂ | ၁၆.၆၃% |

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | |
| ၁၈ | ပင်းတယ | | | ၄၄၁၆၀ | ၂၉၈၅ | ၄၇၁၄၅ | |
| | | ဦးအာကာလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၀၄၂ | ၁၉၅၂ | ၂၂၉၉၄ | ၄၈.၇၇% |
| | | ဦးစိန်ဝင်း(ခ)ဦးမျိုးသိန်း | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၇၆၅၈ | ၈၄၁ | ၁၈၄၉၉ | ၃၉.၂၄% |
| | | ဦးကျော်ထွေး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၅၉၁ | ၁၀၇ | ၃၆၉၈ | ၇.၈၄% |
| | | ဦးဝင်းသော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၆၉ | ၈၅ | ၁၉၅၄ | ၄.၁၅% |
| ၁၉ | ဟိုပုံး | | | ၄၂၁၁၇ | ၄၂၉၆ | ၄၆၄၁၃ | |
| | | ခွန်ညီမောင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၃၂၄၃ | ၁၄၈၃ | ၃၄၇၂၆ | ၇၄.၈၂% |
| | | ဦးမောင်မောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၇၆ | ၂၆၂၃ | ၈၈၉၉ | ၁၉.၁၇% |
| | | ဦးထွန်းမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၉၈ | ၁၉၀ | ၂၇၈၈ | ၆.၀၁% |
| ၂၀ | နောင်ချို | | | ၄၃၂၀၉ | ၅၃၈၇ | ၄၈၅၉၆ | |
| | | ဦးကျော်အောင်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၂၉၇ | ၄၄၅၆ | ၂၅၇၅၃ | ၅၃.၀၀% |
| | | ဦးစည်သူဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၆၅၇ | ၅၁၀ | ၁၁၁၆၇ | ၂၂.၉၈% |
| | | ဦးထိန်လင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၅၄၁ | ၂၆၀ | ၇၈၀၁ | ၁၆.၀၅% |
| | | ဒေါ်စိုးသီရိဇာ | တစ်သီးပုဂ္ဂလ | ၃၇၁၄ | ၁၆၁ | ၃၈၇၅ | ၇.၉၇% |
| ၂၁ | ကျိုင်းတုံ | | | ၄၃၈၅၂ | ၉၉၂၄ | ၅၃၇၇၆ | |
| | | စိုင်းဟွမ်ခွဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၉၀၇ | ၈၂၄၂ | ၃၃၁၄၉ | ၆၁.၆၄% |
| | | စိုင်းစိုးမိုးအေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၉၆၃ | ၆၈၁ | ၉၆၄၄ | ၁၇.၉၃% |
| | | ဒေါ်နာလူးဒီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၀၃ | ၃၉၅ | ၅၂၉၈ | ၉.၈၅% |
| | | ဦးအားဂျေ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၉၃ | ၃၂၅ | ၂၉၁၈ | ၅.၄၃% |
| | | ဦးဟင်နရီ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၆ | ၂၈၁ | ၂၇၆၇ | ၅.၁၅% |
| ၂၂ | တာချီလိတ် | | | ၅၄၉၉၅ | ၄၇၇၈ | ၅၉၇၇၃ | |
| | | စိုင်းအွန်ခမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၆၃ | ၃၆၅၀ | ၂၅၉၁၃ | ၄၃.၃၅% |
| | | ဦးစံဝင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၄၈၅၈ | ၇၂၇ | ၂၅၅၈၅ | ၄၂.၈၁% |
| | | ဦးအားဂျူး | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၄၂ | ၂၂၅ | ၄၉၆၇ | ၈.၃၁% |
| | | ဒေါ်ဒီးလာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၃၂ | ၁၇၆ | ၃၃၀၈ | ၅.၅၃% |
| ၂၃ | တောင်ကြီး | | | ၁၇၁၃၇၇ | ၁၂၉၀၀ | ၁၈၄၂၇၇ | |
| | | ခွန်ကြည် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇၅၆၀၁ | ၂၆၄၄ | ၇၈၂၄၅ | ၄၂.၄၆% |
| | | ဦးအောင်သူရရှင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၆၄၄ | ၇၅၄၁ | ၄၄၁၈၅ | ၂၃.၉၈% |
| | | ဒေါ်မိုးအိအိဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၁၁၄ | ၅၅၇ | ၁၂၆၇၁ | ၆.၈၈% |
| | | ဒေါ်ခင်သက်နွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၉၂၃ | ၄၆၄ | ၁၁၃၈၇ | ၆.၁၈% |
| | | ဒေါ်ခင်သီတာထွန်း | ပြည်သူ့ပါတီ | ၈၈၆၉ | ၂၇၉ | ၉၁၄၈ | ၄.၉၆% |
| | | ဦးတင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၄၃၈ | ၃၉၂ | ၈၈၃၀ | ၄.၇၉% |
| | | ဦးမျိုးကျော် | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၆၈၇၆ | ၃၁၃ | ၇၁၈၉ | ၃.၉၀% |
| | | ဒေါ်တင်မမမောင် | တစ်သီးပုဂ္ဂလ | ၄၄၇၃ | ၂၄၄ | ၄၇၁၇ | ၂.၅၆% |
| | | ဦးအောင်ကြည်ဦး | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄၁၁၉ | ၂၉၈ | ၄၄၁၇ | ၂.၄၀% |
| | | ဦးဝဏ္ဏဗိုလ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၂၀ | ၁၆၈ | ၃၄၈၈ | ၁.၈၉% |
| ၂၄ | နမ့်စန် | | | ၃၅၃၁၇ | ၅၁၉၀ | ၄၀၅၀၇ | |
| | | ဦးလင်းအောင်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၅၇၉ | ၄၆၃၃ | ၂၄၂၁၂ | ၅၉.၇၇% |
| | | ဒေါ်ပိုးနှင်းဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၆၇၃ | ၃၉၄ | ၁၁၀၆၇ | ၂၇.၃၂% |
| | | နန်းဖြူဖြူမြင့် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၅၀၆၅ | ၁၆၃ | ၅၂၂၈ | ၁၂.၉၁% |
| ၂၅ | မူဆယ် | | | ၂၂၅၉၂ | ၁၉၈၆ | ၂၄၅၇၈ | |
| | | ဦးနော်တောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၈၈၁ | ၁၆၇၀ | ၁၂၅၅၁ | ၅၁.၀၇% |
| | | ဦးစိုင်းသန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၇၁၁ | ၃၁၆ | ၁၂၀၂၇ | ၄၈.၉၃% |
| ၂၆ | မိုင်းဆတ် | | | ၃၃၇၃၆ | ၄၆၃၄ | ၃၈၃၇၀ | |
| | | စိုင်းခတ္တိယ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၂၇၀ | ၄၀၈၃ | ၂၉၃၅၃ | ၇၆.၅၀% |
| | | စိုင်းဖူးလူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၃ | ၂၀၂ | ၃၇၉၅ | ၉.၉၀% |
| | | စိုင်းမိုင်းဟန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၃၃ | ၂၅၅ | ၃၃၈၈ | ၈.၈၃% |
| | | ဒေါ်လားလာ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၄၀ | ၉၄ | ၁၈၃၄ | ၄.၇၇% |
| ၂၇ | လားရှိုး | | | ၂၉၈၅၀ | ၅၇၁၃ | ၃၅၅၆၃ | |
| | | ဒေါက်တာလဆိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၀၉၁ | ၄၅၄၂ | ၂၀၆၃၃ | ၅၈.၀၂% |
| | | ဦးစိုင်းခွန်လူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၅၂ | ၇၅၈ | ၈၇၁၀ | ၂၄.၄၉% |
| | | ဒေါ်ခင်မျိုးကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၀၇ | ၄၁၃ | ၆၂၂၀ | ၁၇.၄၉% |
| ၂၈ | လင်းခေး | | | ၁၅၂၀၈ | ၃၁၆၇ | ၁၈၃၇၅ | |
| | | စိုင်းကျော်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၀၃၉ | ၂၂၁၇ | ၉၂၅၆ | ၅၀.၃၇% |
| | | ဦးစိုင်းလှကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၁၆၉ | ၉၅၀ | ၉၁၁၉ | ၄၉.၆၃% |
| ၂၉ | လွိုင်လင် | | | ၃၂၂၉၉ | ၃၇၀၇ | ၃၆၀၀၆ | |
| | | ခွန်သက်နိုင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၇၀၆၆ | ၇၆၅ | ၁၇၈၃၁ | ၄၉.၅၂% |
| | | ဦးစိုင်းထွန်းဆိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၃၇၆ | ၆၅၉ | ၁၀၀၃၅ | ၂၇.၈၇% |
| | | နန်းစံညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၅၇ | ၂၂၈၃ | ၈၁၄၀ | ၂၂.၆၁% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၃၀ | ကျုံပျော် | | | ၁၀၂၄၂၁ | ၆၀၆၇ | ၁၀၈၄၈၈ | |
| | | ဦးမြင့်ကြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၅၅၁ | ၃၅၈၄ | ၄၄၁၃၅ | ၄၀.၆၈% |
| | | စမင်းရွှေ | ကရင်ပြည်သူ့ပါတီ | ၂၀၈၇၉ | ၈၂၀ | ၂၁၆၉၉ | ၂၀.၀၀% |
| | | ဒေါ်ခင်သန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၅၉၄ | ၅၆၆ | ၁၅၁၆၀ | ၁၃.၉၈% |
| | | ဦးခင်စန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၈၁၁ | ၃၆၇ | ၁၀၁၇၈ | ၉.၃၈% |
| | | ဦးအောင်မြင့်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၆၆၃ | ၄၂၀ | ၉၀၈၃ | ၈.၃၇% |
| | | ဒေါ်စုစုလှိုင် | ပြည်သူ့ပါတီ | ၇၉၂၃ | ၃၁၀ | ၈၂၃၃ | ၇.၅၉% |

စာမျက်နှာ ၈ သို့ ❖

❖ စာမျက်နှာ ၇ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၁ | ပုသိမ် | | | ၁၃၂၅၇၆ | ၁၀၃၃၂ | ၁၄၂၉၀၈ | |
| | | ဦးအေးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၂၄၈ | ၈၂၀၉ | ၇၀၄၅၇ | ၄၉.၃၀% |
| | | ဦးအောင်တေဇအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၈၈၂၆ | ၆၇၄ | ၁၉၅၀၀ | ၁၃.၆၅% |
| | | ဦးမင်းဟိန်း(ခ) ဦးမင်းသက်နိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၀၉၉ | ၆၁၅ | ၁၈၇၁၄ | ၁၃.၀၉% |
| | | စောသိန်းခင် | ကရင်ပြည်သူ့ပါတီ | ၁၆၈၃၈ | ၅၄၀ | ၁၇၃၇၈ | ၁၂.၁၆% |
| | | ဦးဝင်းနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၅၆၅ | ၂၉၄ | ၁၆၈၅၉ | ၁၁.၈၀% |
| ၃၂ | မအူပင် | | | ၁၃၉၃၈၁ | ၅၃၄၈ | ၁၄၄၇၂၉ | |
| | | ဦးစောသောင်းဒန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁၅၈၀ | ၄၀၉၈ | ၇၅၆၇၈ | ၅၂.၂၉% |
| | | ဒေါ်ခင်မျိုးသက် | ပြည်သူ့ပါတီ | ၂၂၈၇၁ | ၃၈၉ | ၂၃၂၆၀ | ၁၆.၀၇% |
| | | ဦးမျိုးနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၁၈၅ | ၂၈၁ | ၁၆၄၆၆ | ၁၁.၃၈% |
| | | နန့်ရှုပါသန်း | ကရင်ပြည်သူ့ပါတီ | ၇၆၀၈ | ၁၉၈ | ၇၈၀၆ | ၅.၃၉% |
| | | ဦးအောင်ကြည်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၆၁ | ၁၃၃ | ၇၂၉၄ | ၅.၀၄% |
| | | ဦးသက်ဆွေဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၉၇၃ | ၁၇၁ | ၇၁၄၄ | ၄.၉၄% |
| | | ဦးပြည့်ဖြိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၀၃ | ၇၈ | ၇၀၈၁ | ၄.၈၉% |
| ၃၃ | မြောင်းမြ | | | ၁၃၄၆၆၆ | ၄၇၁၈ | ၁၃၉၃၈၄ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၃၃၃ | ၂၅၄၀ | ၅၄၈၇၃ | ၃၉.၃၇% |
| | | ဦးထွန်းထွန်းဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၄၉၇ | ၈၁၉ | ၃၂၃၁၆ | ၂၃.၁၈% |
| | | ဦးအောင်တင်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၁၂၀ | ၅၉၂ | ၁၈၇၁၂ | ၁၃.၄၃% |
| | | ဦးမိုးကျော်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၈၆၂ | ၃၉၇ | ၁၃၂၅၉ | ၉.၅၁% |
| | | ဦးစိုးအောင် | ပြည်သူ့ပါတီ | ၁၁၇၃၂ | ၂၄၄ | ၁၁၉၇၆ | ၈.၅၉% |
| | | ဒေါ်သင်းသင်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၁၂၂ | ၁၂၆ | ၈၂၄၈ | ၅.၉၂% |
| ၃၄ | ကြံခင်း | | | ၄၄၆၇၈ | ၂၀၃၉ | ၄၆၇၁၇ | |
| | | ဦးစိုးပိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၄၀၂ | ၇၇၉ | ၂၁၁၈၁ | ၄၅.၃၄% |
| | | ဦးစောမင်းထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၇၀၆ | ၉၇၃ | ၁၅၆၇၉ | ၃၃.၅၆% |
| | | ဦးဝင်းမင်းသိုက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၀၃၈ | ၁၃၁ | ၅၁၆၉ | ၁၁.၀၇% |
| | | ဦးအေးငြိမ်း | ပြည်သူ့ပါတီ | ၄၅၃၂ | ၁၅၆ | ၄၆၈၈ | ၁၀.၀၃% |
| ၃၅ | မြန်အောင် | | | ၉၇၄၃၀ | ၅၁၀၂ | ၁၀၂၅၃၂ | |
| | | ဦးမျိုးမင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၅၀၁ | ၃၂၁၁ | ၄၄၇၁၂ | ၄၃.၆၁% |
| | | ဦးဆန်းလင်းအောင် | ပြည်သူ့ပါတီ | ၁၇၉၂၉ | ၄၂၆ | ၁၈၃၅၅ | ၁၇.၉၀% |
| | | ဒေါ်အလိမ္မာထွဏ်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၅၆၀ | ၆၅၂ | ၁၆၂၁၂ | ၁၅.၈၁% |
| | | ဦးမြင့်ကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၃၈၂ | ၆၆၄ | ၁၅၀၄၆ | ၁၄.၆၇% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၅၈ | ၁၄၉ | ၈၂၀၇ | ၈.၀၁% |
| ၃၆ | လပွတ္တာ | | | ၁၀၈၉၁၄ | ၃၃၁၉ | ၁၁၂၂၃၃ | |
| | | ဦးစန်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၄၅၇၈ | ၂၃၄၄ | ၅၆၉၂၂ | ၅၀.၇၂% |
| | | ဒေါ်ချမ်းမြေ့မွန် | ပြည်သူ့ပါတီ | ၂၀၉၉၅ | ၃၂၅ | ၂၁၃၂၀ | ၁၈.၉၉% |
| | | ဒေါ်စုစုဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၀၂၇၃ | ၄၃၂ | ၂၀၇၀၅ | ၁၈.၄၅% |
| | | ဦးအေးကိုနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၀၆၈ | ၂၁၈ | ၁၃၂၈၆ | ၁၁.၈၄% |
| ၃၇ | ဟသ်ာတ | | | ၁၃၁၆၂၂ | ၄၄၉၆ | ၁၃၆၁၁၈ | |
| | | ဦးအေးဟန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၆၁၈ | ၂၉၉၈ | ၅၉၆၁၆ | ၄၃.၈၀% |
| | | ဒေါ်သန်းသန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၉၆၄ | ၇၂၁ | ၃၃၆၈၅ | ၂၄.၇၄% |
| | | ဦးစိန်သောင်း | ပြည်သူ့ပါတီ | ၂၃၈၂၃ | ၄၇၀ | ၂၄၂၉၃ | ၁၇.၈၅% |
| | | ဦးအေးမြင့်(ခ)ဦးအောင်ဟိန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၂၁၇ | ၃၀၇ | ၁၈၅၂၄ | ၁၃.၆၁% |



## နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

**မတ္တရာ ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မတ္တရာမြို့နယ်ဦးစီးမှူးရုံးမှ "ပန်းခင်း"စီမံချက်အဆင့် (၃)ထပ်တိုးဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဇန်နဝါရီ ၅ ရက်က တောင်ပြုံးကျေးရွာ၌ အခြေပြု၍ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

"ပန်းခင်း"စီမံချက် အဆင့် (၃)ထပ်တိုးဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် တောင်ပြုံး၊ မင်းကန်၊ သရက္ကန်(တောင်)၊ သရက္ကန်(မြောက်)နှင့် ညောင်ကုန်းကျေးရွာအုပ်စုများမှ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူ အမျိုးသား ၉၇ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၈၆ ဦးအား မတ္တရာမြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် ဝန်ထမ်းများမှ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ မတ္တရာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၆၂)**

## မဟာလောကရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ သမိုင်းဝင် မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် ၂၈ လမ်း၊ ၈၂လမ်းနှင့် ၈၃ လမ်းကြားနေ ဦးကျောက်+ဒေါ်မိမိ၊ သမီးများဖြစ်သည့် ဒေါ်အေးကြည်၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်မြသိန်း(မြဝတီစတိုး)မိသားစုတို့က အလှူငွေကျပ် သိန်းတစ်ရာကို ပေးအပ်လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့နာယက သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ အဖွဲ့ဝင် ဦးထွန်းမြင့်အောင်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၇၇၇၉၈၄၉၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၂)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## သြစတြေးလျနိုင်ငံတောင်ပိုင်းတွင် အပူလှိုင်းဒဏ်ပြင်းထန် အချို့မြို့များ၌ အပူချိန် ၄၀ ဒီဂရီစဲလ်စီးယပ်စ် ကျော်လွန်ခဲ့



သြစတြေးလျနိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီ ၇ ရက်က ပြင်းထန်သော အပူလှိုင်းဒဏ်ကို ခံစားခဲ့ရပြီး အချို့မြို့များ၌ အပူချိန်မှာ ၄၀ ဒီဂရီစဲလ်စီးယပ်စ်ထက် ကျော်လွန်ခဲ့သောကြောင့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ခြင်း၊ လျှပ်စစ်ဓာတ်အားစနစ်များ ဝန်ပိခြင်းနှင့် တောမီးများ လောင်ကျွမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အရှေ့တောင်ဘက် ဒေသအနှံ့အပြားကို ပျက်စီးစေခဲ့ပြီး လူ ၃၃ ဦး သေဆုံးခဲ့သည့် "မည်းမှောင်သော နွေရာသီ" ဟု လူသိများသော ဆိုးရွားသည့်တောမီးများ ဖြစ်ပွားခဲ့သည့် နောက်ပိုင်းခြောက်နှစ်တာကာလအတွင်း ယခုအခြေအနေမှာ အဆိုးရွားဆုံးဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။

နိုင်ငံ၏ မိုးလေဝသဗျူရိုသည် နယူးဆောက်ဝေးလ်၊ ဗစ်တိုးရီးယား၊ တောင်ပိုင်းသြစတြေးလျနှင့် တက်စမေးနီးယားပြည်နယ်များအတွက် ပြင်းထန်သော ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဗစ်တိုးရီးယားနှင့် တောင်ပိုင်းသြစတြေးလျပြည်နယ်တစ်ဝန်း၌ တောမီးအန္တရာယ်ရှိနိုင်ကြောင်းလည်း သတိပေးထားသည်။

သြစတြေးလျအနောက်ပိုင်းမှ စတင်၍ တစ်ရှိန်ထိုးဝင်ရောက်လာသော အလွန်ပူပြင်းသည့် လေထုထုထည်ကြီးကြောင့် တောမီးအန္တရာယ် ပိုမိုမြင့်မားလာခြင်းဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ ၄၅ ဒီဂရီစဲလ်စီးယပ်စ်ထက် ကျော်လွန်နိုင်ကြောင်း အကြီးတန်းမိုးလေဝသပညာရှင် ဆာရာစကူလီက ပြောကြားသည်။

အပူချိန် ၄၄ ဒီဂရီစဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့ပြီး ပြည်နယ်မြို့တော် မဲလ်ဘုန်းတွင် ၄၁ ဒီဂရီစဲလ်စီးယပ်စ် ရှိခဲ့သော ဗစ်တိုးရီးယားပြည်နယ်၌ အာဏာပိုင်များက ဒေသခံပြည်သူများကို နေအိမ်အတွင်း၌သာ နေထိုင်ကြရန်နှင့် ရေဓာတ်ပြည့်ဝအောင် ဂရုစိုက်ကြရန် အကြံပြုထားကြောင်း သိရသည်။

Mon

## အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်တွင် ရုတ်တရက်ရေကြီး၍ လူ ၁၄ ဦး သေဆုံးပြီး ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေ

**ဂျကာတာ ဇန်နဝါရီ ၇**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်တွင် ရုတ်တရက်ရေကြီးမှုကြောင့် ရေစီးနှင့်အတူ မျောပါသွားပြီးနောက် အနည်းဆုံး လူ ၁၄ ဦး သေဆုံးပြီး ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေသည်ဟု တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့ အစောပိုင်းက ရွာသွန်းခဲ့သော မိုးသည်းထန်မှုကြောင့် စီအောတဂူလန်ဒန်းဘိုင်ယာရိဒေသရှိ စီအောကျွန်းတွင် ရုတ်တရက် ရေကြီးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံကယ်ဆယ်ရေးအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ နူရီယာဒင်ဂူမီလန်းက ပြောကြားသည်။

ပျောက်ဆုံးနေဆဲဖြစ်သော လူလေးဦးကို ရှာဖွေရန်အတွက် ကယ်ဆယ်ရေးသမား ၁၆ ဦးကို စေလွှတ်ထားပြီး ယခုအချိန်အထိ လူ ၁၈ ဦး ဒဏ်ရာရရှိထားသည်ဟု ဆိုသည်။

ပျောက်ဆုံးနေသူများ ထပ်မံရှိနိုင်ခြေအတွက် ဒေသခံပြည်သူများထံမှ အချက်အလက်များကို ဆက်လက်စုဆောင်းနေသည်ဟု ၄င်းက ထပ်လောင်းပြောကြားကြောင်း သိရသည်။ Mon



## တရုတ်နိုင်ငံတော်အရန်စားနပ်ရိက္ခာသိုလှောင်ရေးအဖွဲ့ စီနိုဂရိန်းက ယခုသီတင်းပတ်အတွင်း အမေရိကန် ပဲပုပ် သင်္ဘော ၁၀ စီးစာဝယ်ယူ

**ပေကျင်း ဇန်နဝါရီ ၇**

တရုတ်နိုင်ငံ၏ နိုင်ငံတော်အရန်စားနပ်ရိက္ခာသိုလှောင်ရေးအဖွဲ့ဖြစ်သော စီနိုဂရိန်းက ယခုသီတင်းပတ်အတွင်း အမေရိကန် ပဲပုပ် သင်္ဘော ၁၀ စီးစာကို ဝယ်ယူခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စုစုပေါင်း မက်ထရစ်တန်ချိန် ၆၀၀၀၀၀ ခန့်ရှိသော အဆိုပါကုန်စည်များကို မတ်လနှင့် မေလအကြားတွင် တင်ပို့ရန် ဖြစ်ပြီး လက်ရှိတွင် အမေရိကန် ပဲပုပ်ဝယ်ယူမှု စုစုပေါင်းမှာ တန်ချိန် ၁၀ သန်းနီးပါး ရှိလာပြီဖြစ်ကြောင်း ကုန်သည်များက ပြောကြားသည်။

ဖေဖော်ဝါရီလကုန်တွင် တရုတ်နိုင်ငံက ဝယ်ယူရန် ကတိပြုထားသည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်ဆင့် ပြောကြားထားသော မက်ထရစ်တန်ချိန် ၁၂ သန်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို ယခုဝယ်ယူမှုက ကိုယ်စားပြုနေသည်။

စီနိုဂရိန်းက အမေရိကန် ပဲပုပ်များကို ထပ်မံဝယ်ယူခဲ့သဖြင့် စုစုပေါင်းဝယ်ယူမှုမှာ တန်ချိန် ၁၀ သန်းနှင့် အလွန်နီးစပ်နေပြီး သတ်မှတ်ထားသော ပစ်မှတ်သို့ ရောက်ရှိရန် တန်ချိန်နှစ်သန်းခန့် ထပ်မံဝယ်ယူလိမ့်မည်ဟု ယူဆရကြောင်း အရောင်းအဝယ်ကိစ္စများကို တိုက်ရိုက်သိရှိသူ ကုန်သည်တစ်ဦးက ပြောကြားသည်။

တရုတ်နှင့် အမေရိကန်အကြား ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာပြီးနောက် အမေရိကန်မှ သွင်းကုန်များ ပြန်လည်တင်သွင်းခြင်းကြောင့် ကုန်သွယ်ရေးစစ်ပွဲအတွင်း ဖြစ်ပေါ်ခဲ့သော ဆုံးရှုံးမှုအများစုကို ပြန်လည်ကုစားနိုင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ဝယ်ယူမှုများသည် ချီကာဂိုပဲပုပ်ဈေးကွက်ကို မကြာသေးမီသီတင်းပတ်များအတွင်း မြင့်တက်စေကာ ၂၀၂၅ ခုနှစ်ကို ကောင်းမွန်သော အခြေအနေဖြင့် အဆုံးသတ်နိုင်ရန် အထောက်အကူပြုခဲ့ကြောင်း သိရသည်။

Mon

0-0-0-0

0-0-0-0-0

## အက်စ်တိုးနီးယားနိုင်ငံအခြေစိုက် ဗာ့ဂျ်မော်တော်ဆိုင်ကယ်ကုမ္ပဏီ အဆင့်မြင့်လျှပ်စစ်မော်တော်ဆိုင်ကယ်တစ်မျိုး ထုတ်လုပ်

**တောလင်း ဇန်နဝါရီ ၇**

အမေရိကန်ပြည်ထောင်စု၌ အမှန်တကယ်ဝယ်ယူရရှိနိုင်မည့် စွမ်းအင်ခဲဘက်ထရီသုံး ပထမဆုံးယာဉ်မှာ နာမည်ကြီးမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးများမှ ကတိပေးထားသည့် လျှပ်စစ်ကားများမဟုတ်ဘဲ ဥရောပမှ ထုတ်လုပ်သည့် အဆင့်မြင့်လျှပ်စစ်မော်တော် ဆိုင်ကယ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိလာသော စွမ်းအင်ခဲသုံး ကမ္ဘာ့ပထမဆုံး မော်တော်ဆိုင်ကယ်ကို ယခုနှစ်အတွင်း အမေရိကန်၌ ဝယ်ယူရရှိနိုင်တော့မည်ဖြစ်ကြောင်း ဗာ့ဂျ်မော်တော်ဆိုင်ကယ်ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

ဖင်လန်နိုင်ငံအခြေစိုက် ဒိုးနပ် ဓာတ်ခွဲခန်းက တီထွင်ထားသည့် အဆိုပါဓာတ်ခဲမှာ တစ်ကီလိုဂရမ်လျှင် အားအင်သိပ်သည်းဆ ဝပ်နာရီ ၄၀၀ အထိ ရှိသည်။

ယင်းဓာတ်ခဲမှာ ငါးမိနစ်အတွင်း အားအပြည့်သွင်းနိုင်သည့်အပြင် မီးလောင်ကျွမ်းမှု အန္တရာယ်လည်း မရှိကြောင်း ထိုကုမ္ပဏီက ပြောကြားသည်။

အက်စ်တိုးနီးယားနိုင်ငံအခြေစိုက် အဆိုပါကုမ္ပဏီက ၄င်းတို့၏ တီအက်စ်ပရိုလျှပ်စစ်ဆိုင်ကယ်သည် အလုံးစုံဓာတ်ခဲများဖြင့် ထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိလာသော ကမ္ဘာ့ပထမဆုံးယာဉ်ဖြစ်ကြောင်း ယမန်နေ့က အတည်ပြုသည်။

အဆိုပါယာဉ်မှာ ဝေးလံသော အနာဂတ်ကာလမှ ထွက်ပေါ်လာမည့်အရာမျိုးမဟုတ်ဘဲ ယခုနှစ်၏ ပထမသုံးလပတ်အတွင်း၌ပင် အမေရိကန်ရှိ ဝယ်ယူသူများထံသို့ စတင်ပို့ဆောင်ပေးမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်၏ ပုံစံမှာ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်ကားတစ်ကားထဲမှအတိုင်းဖြစ်ပြီး အချက်အချာတိုင်မပါသော နောက်ဘီးပုံစံမှာ စိတ်ဝင်စားဖွယ်အကောင်းဆုံး ထူးခြားချက်ဖြစ်ကြောင်း သိရသည်။ Mon



## ဥရောပတစ်လွှား လေကြောင်းခရီးစဉ်ပေါင်း ရာနှင့်ချီ၍ ဖျက်သိမ်းခဲ့ရ ပဲရစ်နှင့် အမ်စတာဒမ်လေဆိပ်များတွင် ခရီးသည်များစွာ သောင်တင်နေ

**ပဲရစ် ဇန်နဝါရီ ၇**

ဥရောပတိုက်တစ်ဝန်း၌ ပြင်းထန်သောနှင်းကျဆင်းမှုနှင့် ရေခဲသည့် ရာသီဥတုအခြေအနေများကြောင့် ခရီးသွားလာမှုများ ကျယ်ပြန့်စွာ အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိပြီး ရာသီဥတုနှင့်ဆက်စပ်သည့် ဖြစ်ရပ်များကြောင့် လူခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်။

အန္တရာယ်ရှိသော မောင်းနှင်မှုအခြေအနေများကြောင့် ပြင်သစ်နိုင်ငံရှိ ဒေသနှစ်ခုတွင် လူငါးဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ထို့အပြင် ဘော့စနီးယားနိုင်ငံ၏ မြို့တော် ဆာရာယေဗိုတွင် ၁၆ လက်မ (၄၀ စင်တီမီတာ) ခန့် နှင်းများကျဆင်းခဲ့ပြီးနောက် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

ဥရောပတစ်လွှား၌ လေကြောင်းခရီးစဉ်ပေါင်း ရာနှင့်ချီ၍ ဖျက်သိမ်းခဲ့ရသဖြင့် ပဲရစ်နှင့် အမ်စတာဒမ်မြို့ရှိ လေဆိပ်များတွင် ခရီးသည်ထောင်ပေါင်းများစွာ သောင်တင်နေကြသည်။

အဆိုပါ အခြေအနေများကြောင့် ခရီးသွားလာမှု အနှောင့်အယှက်များသည် ရက်အနည်းငယ်ကြာသည်အထိ ဆက်လက်ဖြစ်ပွားနိုင်မည်ဟု ခန့်မှန်းရသည်။

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းရှိ လန်းဒက်စ်ဒေသတွင် လမ်းများပေါ်၌ ရေခဲပြင်များဖြစ်ပေါ်နေခြင်းကြောင့် သီးခြားဖြစ်ရပ်နှစ်ခုအတွင်း လူသုံးဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားသည်ဟု သိရသည်။

Mon



STOP AIDS

# အာကာသထဲမှ လျှပ်စစ်ဓာတ်အား

ယခုအခါ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများသည် လျှပ်စစ်စွမ်းအင်လိုအပ်ချက်ပြဿနာကို ဖြေရှင်းနိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားလျက်ရှိရာ အာကာသထဲမှ လျှပ်စစ်ဓာတ်အားကို ကမ္ဘာမြေဆီတိုက်ရိုက်ပို့လွှတ်မည့် စီမံကိန်းကြီးများကို အပြိုင်အဆိုင် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိကြပါသည်။

ယခင်ကာလများက အာကာသ လေဆာဆိုသည်မှာ သိပ္ပံဇာတ်လမ်းတွေထဲ၌သာ ရှိခဲ့သော်လည်း ယခုအခါ လက်တွေ့ဖြစ်လာနေပြီဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်များ မြင့်မားလာသည်နှင့်အမျှ သိပ္ပံပညာရှင်များသည် နေစွမ်းအင်ကို ကမ္ဘာ့လေထုထဲတွင်သာမဟုတ်ဘဲ အာကာသထဲမှာပင် တိုက်ရိုက်ရယူနိုင်ရန် ကြိုးစားလာနေကြပြီလည်းဖြစ်ပါသည်။ ယခုလက်ရှိတွင် အာကာသထဲမှ ကမ္ဘာမြေဆီသို့ လျှပ်စစ်ဓာတ်အားကို လေဆာ(သို့မဟုတ်) ရေဒီယိုလှိုင်းများဖြင့် ပစ်လွှတ်၍ ပို့ဆောင်မည့် ထိပ်တန်းစီမံကိန်းကြီး (၇)ခုကို ဗဟုသုတရရှိနိုင်ရန် အလို့ငှာ မိတ်ဆက်တင်ပြပေးလိုပါသည်။

အဆိုပါ သဘောတရားမှာ ရိုးရှင်းလှပါသည်။ ကမ္ဘာပတ်လမ်းကြောင်း (Orbit)ထဲတွင် ဂြိုဟ်တုများ လွှတ်တင်ထားသည်။ အဆိုပါ ဂြိုဟ်တုများမှာပါသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများမှ နေစွမ်းအင်ကို ဖမ်းယူမည်ဖြစ်သည်။ ရလာသည့် လျှပ်စစ်စွမ်းအင်ကို လေဆာ(Laser) (သို့မဟုတ်) မိုက်ခရိုဝေ့ဖ်(Microwave) လှိုင်းများအဖြစ်ပြောင်းလဲပြီး ကမ္ဘာမြေပေါ်မှ ဖမ်းယူရေးစခန်းများဆီ "Beam" အဖြစ်ဖြင့် ပစ်လွှတ်ခြင်းသာဖြစ်ပါသည်။ မြေပြင်မှစက်များက အဆိုပါလှိုင်းများကို လျှပ်စစ်စွမ်းအင်အဖြစ် ပြန်လည်ပြောင်းလဲပြီး သုံးစွဲကြမည်ဖြစ်ပါသည်။

**ထိပ်တန်းအာကာသလျှပ်စစ်စီမံကိန်း (၇)ခု**

**၁။ Aetherflux (အမေရိကန်)**

Robinhood ကိုတည်ထောင်ခဲ့သူ Baiju Bhatt ဦးဆောင်သည့် ကုမ္ပဏီဖြစ်ပါသည်။ အဆိုပါကုမ္ပဏီသည် ဂြိုဟ်တုကြီး တစ်လုံးတည်းသုံးမည့်အစား ဂြိုဟ်တုအသေးစားလေးများ (Constellation) ကို ကမ္ဘာ့အနိမ့်ပတ်လမ်းကြောင်း



(Low Earth Orbit) မှာ ဖြန့်ကြက်ထားမည်ဖြစ်ပါသည်။ အဓိကအားဖြင့် ဝေးလံခေါင်ဖျားသည့် ကျွန်းများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်နေရာများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးနိုင်ရန် ရည်ရွယ်သည်ဟု သိရှိရပါသည်။

**၂။ Overview Energy (အမေရိကန်)**

အဆိုပါကုမ္ပဏီသည် အနီအောက်ရောင်ခြည် (Near-infrared lasers) ကို အသုံးပြုပါမည်။ ထူးခြားသည်မှာ လွှတ်မည့်စွမ်းအင်အလင်းတန်းသည် သာမန်နေရောင်ခြည်လောက်သာ ပြင်းအားရှိ၍ လူများကို အန္တရာယ်မဖြစ်စေနိုင် (Passively Safe) ဟုသိရှိရပါသည်။ လေယာဉ်ပေါ်မှ မြေပြင်သို့ သုံးမိုင်အကွာအဝေးအထိ စမ်းသပ်ပို့လွှတ်ပေးပို့ခြင်းအား စမ်းသပ်အောင်မြင်ထားပြီဟု သိရှိရပါသည်။

**၃။ Caltech - MAPLE (အမေရိကန်)**

အဆိုပါကုမ္ပဏီ၏စီမံကိန်းသည် သမိုင်းဝင်မည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် SSPD-1 ဂြိုဟ်တုမှ ကမ္ဘာမြေဆီသို့ ကြိုးမဲ့စနစ်ဖြင့် စွမ်းအင်ပို့လွှတ်ခြင်းကို ပထမဆုံးလက်တွေ့အောင်မြင်စွာ စမ်းသပ်သက်သေပြနိုင်ခဲ့၍ ဖြစ်ပါသည်။ အာကာသအတွင်းတွင်ပင် စွမ်းအင်ထုတ်၍ အာကာသထဲတွင်ပင် ပို့လွှတ်နိုင်သည့် နည်းပညာကို ပိုင်ဆိုင်ထားသည်ဟု သိရှိရပါသည်။

**၄။ Space Solar (ယူကေ)**

Cassiopeia ဟုခေါ်သည့် ဧရာမဂြိုဟ်တုကြီးကို တည်ဆောက်မည်ဟု သိရှိရပါသည်။ ၁ ဒသမ ၈ ကီလိုမီတာခန့်အကျယ်ရှိသော အဆိုပါဂြိုဟ်တုကြီးသည် လေဆာအစားကြိမ်နှုန်းမြင့် ရေဒီယိုလှိုင်းများကို သုံးမည်ဟု သိရပါသည်။ ၃၆၀ ဒီဂရီ ပတ်လည် စွမ်းအင်ပစ်လွှတ်နိုင်စွမ်းရှိပြီး ငါးနှစ်အတွင်း မဂ္ဂါဝပ် ၁၈၀ ခန့်အထိပင် ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်ဟု သိရှိရပါသည်။

**၅။ Star Catcher Industries(အမေရိကန်)**

အဆိုပါကုမ္ပဏီသည် အာကာသထဲတွင် "စွမ်းအင်ကွန်ရက် (Space Power Grid)" တည်ဆောက်ရန် ရည်ရွယ်ထားပါသည်။ ၂၀၂၅ နိုဝင်ဘာလက ၁ ဒသမ ၁ ကီလိုဝပ်ရှိသည့် စွမ်းအင်ကို လေဆာနှင့်ပေးပို့နိုင်ခဲ့ပြီး လက်ရှိအချိန်အထိ လူသိရှင်ကြား စမ်းသပ်မှုများအနက် ပမာဏအများဆုံးလည်း ဖြစ်ပါသည်။

**၆။ Japan's SSPS (ဂျပန်)**

ဂျပန်အစိုးရသည် ၁၉၈၃ ခုနှစ်ခန့်ကတည်းက စီစဉ်ခဲ့သောစီမံကိန်းဖြစ်ပါသည်။ (၂)စတုရန်းကီလိုမီတာခန့်ကျယ်သည့် ဧရာမဆိုလာပြားကြီးများ တပ်ဆင်ထားမည့်ဂြိုဟ်တုများကို အသုံးပြုမည်ဟု သိရပါသည်။ ဂြိုဟ်တုတစ်လုံးကို နျူးကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံစာ (၁ သန်း ကီလိုဝပ်) ခန့်အထိ ထုတ်လုပ်ပေးနိုင်မှာဖြစ်၍ မိုက်ခရိုဝေ့ဖ်လှိုင်းများနှင့် အလွန်တိကျစွာ ပို့ဆောင်သွားမည်ဟုလည်း သိရှိရပါသည်။

**၇။DARPA POWER(အမေရိကန်စစ်ဘက်)**

အမေရိကန် စစ်ဘက်ဆိုင်ရာ သုတေသနအဖွဲ့ (DARPA)မှ ဦးဆောင်ပါသည်။ ၂၀၂၅ ဇွန်လက ၈၀၀ ဝပ် (Watts) ရှိသည့် စွမ်းအင်ကို ၅ ဒသမ ၃ မိုင် ၈ ဒသမ ၆ ကီလိုမီတာ အကွာအဝေးအထိ လေဆာနှင့် ပစ်လွှတ်ပြသနိုင်ခဲ့ပါသည်။ အဓိကအနေဖြင့် ဒရုန်းများနှင့် ဝေးလံသည့် စစ်စခန်းများကို စွမ်းအင်ပေးနိုင်ရန် ရည်ရွယ်သည်ဟု သိရှိရပါသည်။

အဆိုပါနည်းပညာများနှင့် စီမံကိန်းကြီးများသည် သီအိုရီအဆင့် မဟုတ်တော့ပါ။ Caltech နှင့် DARPA ကဲ့သို့သော အဖွဲ့အစည်းများသည် လက်တွေ့စမ်းသပ်မှုများ (Proof of concept) အောင်မြင်ထားပြီး ဖြစ်ပါသည်။ သို့သော်လည်း စီးပွားဖြစ် တွင်တွင်ကျယ်ကျယ် သုံးနိုင်ရန်အတွက် ကုန်ကျစရိတ်နှင့် နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်မှုများစွာ လိုအပ်နေဆဲအခြေအနေဖြစ်ပါသည်။ ထိုသို့အနောက်နိုင်ငံများမှ စမ်းသပ်နေဆဲအချိန်တွင် အမေရိကန်နိုင်ငံပင် အံ့သြတုန်လှုပ်သွားနိုင်မည့် SBSP(Space Base Solar Power) စီမံကိန်းကြီးတစ်ခုကို တရုတ်နိုင်ငံအစိုးရ၏ Xidian University မှ သိပ္ပံပညာရှင်များကလည်း အလျင်အမြန် အကောင်အထည်ဖော်လျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ အဆိုပါစီမံကိန်းသည် တစ်ကီလိုမီတာခန့် ကြီးမားကျယ်ပြန့်သော ဆိုလာပြားများဖြင့် ပြုလုပ်ထားသော အာကာသစခန်းကြီးဖြစ်၍ အနောက်နိုင်ငံများမှ လက်ရှိတည်ဆောက်နေသော စီမံကိန်းများ၏ ဆယ်ဆခန့်ကြီးမားပြီး နျူးကလီးယားစက်ရုံကြီးတစ်ရုံစာ ပမာဏရှိသော လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ပမာဏအများဆုံး ထုတ်လုပ်နိုင်တော့မည်ဟု ဆိုပါသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားကို မိုက်ကရိုဝေ့ဖ်ဖြင့် ကမ္ဘာမြေပြင်သို့ ပို့လွှတ်ပြီး မြေပြင်စခန်းမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ရာ မြေပြင်တွင် တည်ဆောက်မည့် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို အာကာသထဲသို့ ပြောင်းရွှေ့သကဲ့သို့ပင် ဖြစ်လာမည်ဟုလည်း တရုတ်ပညာရှင်များက ဆိုထားပါသည်။ အဆိုပါစီမံကိန်းအား တရုတ်အစိုးရမှ လျှို့ဝှက်စွာ ဆောင်ရွက်နေခဲ့ပြီး မကြာမီ အောင်မြင်မှု ရရှိတော့မည်ဟု ဆိုခဲ့ရာ တရုတ်တို့၏ အာကာသထဲမှ လျှပ်စစ်ထုတ်လုပ်မည့် နည်းပညာသည် အနောက်နိုင်ငံအားလုံးကို ကျော်လွှန်၍ စီးပွားဖြစ်အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် နည်းပညာဦးဆောင်သည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အဆိုပါနည်းပညာသာ အောင်မြင်သွားမည်ဆိုပါက ရာသီဥတုမရွေး၊ နေ့ညမရွေး သန့်ရှင်းသည့်စွမ်းအင်ကိုရရှိနိုင်တော့မည်ဖြစ်ပါသည်။ လျှပ်စစ်မီးမရောက်သည့် တောင်ပေါ် ဒေသများ၊ ကျွန်းများနှင့် သဘာဝဘေးသင့်ဒေသများဆီသို့ ကြိုးသွယ်စရာမလိုဘဲ အာကာသကောင်းကင်ထက်မှ လျှပ်စစ်မီးကို တိုက်ရိုက်ပေးပို့အသုံးပြုလာနိုင်မည့်ခေတ်သို့ ရောက်ရှိလာတော့မည်ဖြစ်ပါကြောင်း ဗဟုသုတရရှိနိုင်ရန် အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား** – နိုင်ငံတကာ နည်းပညာသတင်း (Interesting Engineering) မှ

သတင်းဆောင်းပါး From Google



**မောင်မောင်စွယ်စုံထွန်း**




## နည်းပြ မာတင်အိုနေးလ်အား နည်းပြသစ်အဖြစ် ဆဲလ်တစ်အသင်းခန့်အပ်

**လန်ဒန် ဇန်နဝါရီ ၇**

ဆဲလ်တစ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မာတင်အိုနေးလ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆဲလ်တစ်အသင်းအား ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အထိ ငါးနှစ်ကြာကိုင်တွယ်ခဲ့ဖူးပြီး ဆုဖလား ခုနစ်လုံးထိလည်း ရယူပေးနိုင်ခဲ့သည်။

ထို့ပြင် နည်းပြ မာတင်အိုနေးလ်သည် နည်းပြဘဝတစ်လျှောက်တွင်လည်း နော့ဝှစ်ချ်၊ လက်စတာ၊ အက်စတွန်ဗီလာ၊ ဆန်းဒါးလန်း၊ နော်တင်ဟမ်ဖော ရက်စ် စသည့်ကလပ်အသင်းများစွာကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

အသက်(၇၃)နှစ်အရွယ်ရှိ မာတင်အိုနေးလ်က "ဆဲလ်တစ်အသင်းနည်းပြအဖြစ် ပြန်လည်ဆောင်ရွက်ရမည်ဆိုတော့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ဂယ်ဟာဒီယောလ် ခြေသလုံးရိုးကျိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၇**

မန်စီးတီးအသင်း နောက်ခံကစားသမား ဂယ်ဗာဒီယောလ် ခြေသလုံးရိုးကျိုးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။ အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂယ်ဗာဒီယောလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်စီးတီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဂယ်ဗာဒီယောလ်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၀ပွဲကစားကာ ၁၃ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## နည်းပြ ရိုင်ယန်မေဆန်အား နည်းပြရာထူးမှ ဝက်စ်ဘရွန်းအသင်းထုတ်ပယ်



**လန်ဒန် ဇန်နဝါရီ ၇**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းသည် လက်ရှိအချိန် ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ရိုင်ယန်မေဆန်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဝက်စ်ဘရွန်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ် ၂၆ပွဲကစားအပြီးတွင် ရမှတ် ၃၁မှတ်ဖြင့် အဆင့် ၁၈နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ရိုင်ယန်မေဆန်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ရိုင်ယန်မေဆန်သည် ဝက်စ်ဘရွန်းအသင်းအား ၂၀၂၅ခုနှစ် ဇွန် ၂ရက်က စတင်ကိုင် တွယ်ပြီး ပြိုင်ပွဲ ၂၇ပွဲတွင် ၉ပွဲ နိုင်၊ ၅ပွဲ သရေ၊ ၁၃ပွဲရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

ဝက်စ်ဘရွန်းအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ရိုင်ယန်မေဆန်အား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဂျိမ်းစ်ဒီဘာယိုအား ဟားလ်စီးတီးအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၇**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဟားလ်စီးတီးအသင်းသည် လိဒ်စ်အသင်း နောက်ခံကစားသမား ဂျိမ်းစ်ဒီဘာယိုအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဟားလ်စီးတီးအသင်းနှင့်အတူ ၁၈လ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဂျိမ်းစ်ဒီဘာယိုသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဟားလ်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂျိမ်းစ်ဒီဘာယိုက "ကျွန်တော် ဟားလ်စီးတီးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## ဂျေမီလီဗဲလ်လင်း စတုဂတ်အသင်းတွင် ဆက်ရှိသွားမည်

**မြူးနစ် ဇန်နဝါရီ ၇**

တောင်ပံကစားသမား ဂျေမီလီဗဲလ်လင်း အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု စတုဂတ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားအတွက် ဘုန်းမောက်အသင်း၏ ကမ်းလှမ်းလာမှုကိုလည်း စတုဂတ်အသင်းက ငြင်းပယ်ခဲ့သည်။

တောင်ပံကစားသမား ဂျေမီလီဗဲလ်လင်းသည် စတုဂတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲကစားပြီး ၁၃ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

စတုဂတ်အသင်းထုတ်ပြန်ချက်တွင် "ဂျေမီလီဗဲလ်လင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## စထရန်လာဆန်အား ခေါ်ယူရန် ခရစ္စတယ်ပဲလေ့စ်အသင်းစီစဉ်

**လန်ဒန် ဇန်နဝါရီ ၇**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဝုဖ်အသင်း တိုက်စစ်မှူး စထရန်လာဆန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဝုဖ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဝုဖ်အသင်းကလည်း စထရန်လာဆန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဝုဖ်အသင်းထံမှ စထရန်လာဆန်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**



## အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် ဇန်နဝါရီ ၇**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် မာလီအသင်းနှင့် ဆီနီဂေါ်အသင်း၊ အယ်လ်ဂျီးရီးယားအသင်းနှင့် နိုင်ဂျီးရီးယားအသင်း၊ ကင်မရွန်းအသင်းနှင့် မော်ရိုကိုအသင်း၊ အီဂျစ်အသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်များကို လာမည့် ဇန်နဝါရီ (၉၊ ၁၀၊ ၁၁)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၉-၁-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၁) အာဆင်နယ် - လီဗာပူး (၄)<br>(W,W,W,W,W) (W,W,W,D,D) | အာဆင်နယ် ၂-၂ လီဗာပူး<br>လီဗာပူး ၂-၂ အာဆင်နယ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၉-၁-၂၀၂၆<br>နံနက်၀၀း၀၀နာရီ | (၁၃) ခရီမိုနီဆီ - ကက်ဂလီယာရီ (၁၅)<br>(W,L,D,L,L) (W,L,D,W,L) | ——— |
| ၉-၁-၂၀၂၆<br>နံနက်၀၂း၁၅နာရီ | (၂) အေစီမီလန် - ဂျီနိုအာ (၁၇)<br>(W,D,L,W,W) (W,L,L,L,D) | အေစီမီလန် ၀-၀ ဂျီနိုအာ<br>ဂျီနိုအာ ၁-၂ အေစီမီလန် |

### စပိန်စူပါဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၉-၁-၂၀၂၆<br>နံနက်၀၁း၃၀နာရီ | အက်သလက်တီကို - ရီးရဲလ်မက်ဒရစ်<br>(လာလီဂါ-၄) (လာလီဂါ-၂) | အက်သလက်တီကို ၅-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၂-၁ အက်သလက်တီကို |

### ပြင်သစ်လီဂူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၉-၁-၂၀၂၆<br>နံနက်၀၀း၃၀နာရီ | ပီအက်စ်ဂျီ - မာဆေးလ်<br>(ပြင်သစ်လီဂူး-၂) (ပြင်သစ်လီဂူး-၃) | ပီအက်စ်ဂျီ ၃-၁ မာဆေးလ်<br>မာဆေးလ် ၁-၀ ပီအက်စ်ဂျီ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် ကျောက်ပန်းတောင်းမြို့နယ်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များအတွင်း မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတွင်းရေးမှူး၊ တာဝန်ရှိသူများလိုက်ပါပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင်ပါဝင်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ပန်းတောင်းမြို့နယ်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များအတွင်း မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ကျောက်ပန်းတောင်းမြို့နယ်ရှိ စက်မှုလက်မှုသိပ္ပံကျောင်းသို့ ရောက်ရှိပြီး သတ်မှတ်မဲရုံများသို့ ထုတ်ပေးမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များအား နည်းပညာအထောက်အကူအဖွဲ့မှ SD Installation ဆောင်ရွက်ပြီးစီးမှုနှင့် စက်ပစ္စည်းများစနစ်တကျနေရာချ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နည်းပညာအထောက်အကူအဖွဲ့မှ ဆရာ၊ ဆရာမများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားပြီးနောက် တာဝန်ရှိသူများအား MEVM စက်ပစ္စည်းများအား လုံခြုံစိတ်ချပြီး ပျက်စီးမှုများမရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးဂရုစိုက်ကြပ်မတ်ထိန်းသိမ်းသွားရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာအေးရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(လေးရွာ)၊ စံပြရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လွတ်လပ်ရေး ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ သီရိမင်္ဂလာရပ်ကွက်ရှိ ဓမ္မာရုံစသည်တို့တွင် မဲရုံခင်းကျင်းထားရှိမှုနှင့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူးများ၊ ဒုမဲရုံမှူးများနှင့် ထိန်းချုပ်စက်ကိုင်တွယ်သူ ဆရာ၊ ဆရာမများအား မွမ်းမံသင်တန်းနှင့် လက်တွေ့မဲရုံသရုပ်ပြပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မဲရုံမှူးများ၊ ဒုမဲရုံမှူးများ၊ စက်ကိုင်တွယ်သူများအနေဖြင့် MEVM စက်အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကောင်းမွန်စွာနားလည်းသိရှိထားပြီး တိကျစွာ လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင်အချိန်ကြန့်ကြာမှုမရှိစေရေးနှင့် လွယ်ကူချောမွေ့စွာရှိစေရေး အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်





ပါကြောင်း ပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မိတ္ထီလာခရိုင်အတွင်း သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(သီရိမင်္ဂလာ)၊ အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (မြို့မ)၊အမှတ်(၇)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း-ခွဲ (မီးရထား)၊ ရွာကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဘူးရုံကျေးရွာအုပ်စု ချောက်ခွဲကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း ဝမ်းတွင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စု လျှော်ပင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဘုရားစုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဒိုင်ကောင်းကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရွှေတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါမဲရုံများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်မှတာဝန်ရှိသူများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် ပိုမိုကောင်းမွန်အောင် ဟန်ချက်ညီညီတိုးမြှင့်ဆောင်ရွက်သွားရေး၊ မဲဆန္ဒပေးသူများ ဆန္ဒမဲပေးရာတွင် အချိန်ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူအောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ မဲစာရင်းတွင် နံပါတ်စဉ် မသိသေးသောမဲဆန္ဒရှင်များကို မြန်ဆန်လွယ်ကူစွာ သိရှိနိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်ပေးထားသည့် Tablet များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၄၇၇၂၉ ဦးအတွက် မဲရုံပေါင်း(၂၀၀)ရုံ ၊ သာစည်မြို့နယ်တွင် မဲပေးပိုင်ခွင့် ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၅၉၅၀၁ ဦးအတွက် မဲရုံပေါင်း (၂၁၀)ရုံ၊ ဝမ်းတွင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၆၆၄၅၈ ဦး အတွက် မဲရုံပေါင်း(၂၁၈) ရုံနှင့် အပိုင်း(၂)၌ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်(၉)မြို့နယ်ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၀၈၄၇၅၅ ဦးအတွက် မဲရုံပေါင်း(၁၀၇၃)ရုံကို စနစ်တကျဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မြေခွန်ပေးဆောင်ရန် အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြေငှားဂရန်စာချုပ်ရရှိထားသော မြေကွက်များအား နှစ်စဉ်မြေခွန်ကောက်ခံလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မြေခွန်များအား သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှ ကောက်ခံလျက်ရှိပါသည်။ မြေခွန်ပေးဆောင်လိုသူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပေးဆောင်နိုင်ပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ကိုဗစ်ကာလနှင့် ပေးဆောင်ရခြင်းမရှိသေးသော ကာလများအတွက် မြေခွန်ကြွေးကျန်များကို မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနနှင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်ပေးဆောင်နိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(ကြွေးကျန်ကောက်ခံရေးအဖွဲ့)

| စဉ် | မြို့နယ် | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|
| က | အောင်မြေသာစံ | ၀၉-၄၀၂၆၂၂၉၂၇ |
| ခ | ချမ်းအေးသာစံ | ၀၉-၄၀၂၇၇၅၅၇၁ |
| ဂ | မဟာအောင်မြေ | ၀၉-၄၃၁၈၉၂၈၇ |
| ဃ | ချမ်းမြသာစည် | ၀၉-၇၇၆၂၆၃၃၈၇ |
| င | ပြည်ကြီးတံခွန် | ၀၉-၄၀၂၆၀၃၇၃၆ |
| စ | အမရပူရ | ၀၉-၄၀၂၆၇၆၄၀၈ |

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ(မြေခွန်ကောက်ခံရေးအဖွဲ့)

| စဉ် | မြို့နယ် | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|
| က | အောင်မြေသာစံ | ၀၉-၂၀၄၀၀၂၆ |
| ခ | ချမ်းအေးသာစံ | ၀၉-၉၇၉၆၂၂၄၆၃ |
| ဂ | မဟာအောင်မြေ | ၀၉-၄၄၄၀၄၅၆၉၇ |
| ဃ | ချမ်းမြသာစည် | ၀၉-၂၅၉၀၀၂၈၄၇ |
| င | ပြည်ကြီးတံခွန် | ၀၉-၄၀၂၅၃၇၀၆၁ |
| စ | အမရပူရ | ၀၉-၄၃၀၇၂၂၄၁ |

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်း စာမျက်နှာ ၁၂





## နန်းမြို့အတွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၇**

မန္တလေးမြို့ နန်းမြို့အတွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ကျောင်းခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ တက်ရောက်သည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက " ကြိုဆိုပါသည် ပညာရေးစုံညီ " သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိက ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ ကျောင်းတက်မှန်ဆု၊ ကျောင်းလုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုဆုနှင့် အခြားဆုအသီးသီးရရှိကြသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

သတင်းစဉ်

## ပုဗ္ဗသီရိမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းရရှိရေး ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင် လျှော့ချရေးနှင့် သီးထပ်စွမ်းအား မြင့်မားရေး နည်းပညာပေးဆွေးနွေး



**ပုဗ္ဗသီရိ ဇန်နဝါရီ ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းရရှိရေး ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်လျှော့ချရေးနှင့် သီးထပ်စွမ်းအားမြင့်မားရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဖြုတ်ခွဲကျေးရွာအုပ်စု၊ ဖြုတ်ခွဲဓမ္မာရုံတွင် ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင် ဦးဆောင်သည့် မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲနှင့် စိုက်ပျိုးပညာပေးရေးဌာနခွဲများရှိ စိုက်ပညာရှင်အဖွဲ့မှ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ဆီထွက်သီးနှံနေကြာတိုးချဲ့စိုက်ပျိုးရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်လျှော့ချရေးအတွက် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်သည့် သီးနှံပုံစံများ၊ ရိုးပြတ်များ အမြန်ဆွေးမြေ့ရန် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မြေဆီလွှာနှင့်ရေစီမံခန့်ခွဲရေး နည်းလမ်းများ၊ မြေသြဇာစနစ်တကျ ထည့်သွင်းအသုံးပြုခြင်း နည်းလမ်းများ၊ ပိုးမွှားရောဂါနှင့် ပေါင်းမြက်များအား ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၆၂ ဦးအား ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများက စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များအား သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပညာရှင်အဖွဲ့(ရုံးချုပ်)က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး တောင်သူများအား အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)



## ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်တွင် အဆိုပါကျောင်း၏ သီဂီဆောင်တွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ အမှတ်(၈)ရဲစခန်းမှူး၏ ဇနီးဒေါ်အေးအေးမာ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။

ထိုနေ့ နံနက် ၉ နာရီတွင် အခမ်းအနားကို စတင်ကျင်းပရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်စိမ့်စိမ့်လွှမ်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအစီအစဉ်အရ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဆက်လက်ကျင်းပရာ မွန်းတည့် ၁၂ နာရီတွင် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

(အပေါ်ပုံ)

(ကဆ)

## မဟာဝိဇယသာသနပါလ ဓမ္မာစရိယ စာမေးပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးမြို့ လမ်း ၆၀ ရှိ မဟာဝိဇယကျောင်းတိုက်နာယက ဆရာတော်ဘဒ္ဒန္တဝိစာရ(သဒ္ဓမ္မဇောတိကဓဇ)နှင့် (ညီ)တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒကတို့ဦးဆောင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည့် မဟာဝိဇယသာသနပါလဓမ္မာစရိယစာမေးပွဲကြီး (၁၁)ကြိမ်မြောက်ကို မဟာဝိဇယသာသနာပြုယောဂီအဖွဲ့နှင့် ကုသိုလ်ရှင်များ စုပေါင်းပြီး ပြာသိုလပြည့်ကျော် (၁၃)ရက်မှ တပို့တွဲလဆန်း ၃ ရက်နေ့(၁၅.၁.၂၀၂၆)မှ (၂၀.၁.၂၀၂၆)ရက်အထိ (၆)ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဓမ္မာစရိယစာမေးပွဲကြီးတွင် ဩဝါဒါစရိယ ပုစ္ဆကကြီးကြပ်ရေးဆရာတော်ကြီး (၂၅) ပါးတို့အတွက် နဝကမ္မ ငွေကျပ် ၂၅ သိန်း၊ မာတင်သက်န်းအစုံ (၂၅)စုံနှင့် စာမေးပွဲကြီးအထွေထွေကုန်ကျငွေကျပ်သိန်း ၂၀ တို့ကို မဟာဝိဇယဆရာတော်ကြီးက ကုသိုလ်ပြုမည်ဖြစ်ကြောင်း သိရသည်။

(၀၅၁)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ကန်စွန်းရွက်**

၁။ **အသည်းအတွက်ကောင်းတယ်။**

ကန်စွန်းရွက်မှာပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင် အာနိသင်တွေက အသည်းကို အဆိပ်အတောက်ကင်းစင်စေဖို့နဲ့ အသည်းနဲ့ပတ်သက်တဲ့ ပြဿနာတွေကို ပြန်လည်ကုစားရာမှာ အထောက်အကူပေးပါတယ်။ အဆိပ်ပြေစေပါတယ်။

၂။ **အစာကြေ၊ ဝမ်းမှန်စေတယ်။**

ကန်စွန်းရွက်ရဲ့ အမျှင်ဓာတ်တွေက အစာခြေစနစ်ကို ကောင်းမွန်စေတဲ့အပြင် အစာအိမ်လမ်းကြောင်းမှာ ပြဿနာတွေမဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ အမျှင်ဓာတ်လုံလောက်အောင် ရရှိတဲ့အခါ အစာခြေဖျက်နိုင်စွမ်း ပိုကောင်းစေပြီး ဝမ်းမှန်စေပါတယ်။ ဝမ်းချုပ်တဲ့အခါမှာ ကန်စွန်းရွက်ကို ကြော်စားတာနဲ့ ရေလုံပြုတ်စားတာမျိုးပြုလုပ်ပေးပါ။

၃။ **မျက်စိအားကောင်းစေတယ်။**

မျက်စိအားကောင်းချင်တယ်ဆိုရင် ကန်စွန်းရွက်ကို စားပေးပါ။ ကန်စွန်းရွက်မှာ မျက်စိကျန်းမာရေးအတွက် အဓိကအရေးပါတဲ့ ဗီတာမင်အေနဲ့ Lutein ဓာတ်တွေ ပါဝင်ပါတယ်။ ကန်စွန်းရွက်က မျက်စိအတွင်းတိမ်ဖြစ်ခြင်းကို ကာကွယ်ပေးတဲ့ Glutathione ပမာဏကိုလည်း မြှင့်တင်ပေးပါတယ်။

၄။ **ကိုယ်ခံအားကောင်းစေတယ်။**

ကန်စွန်းရွက်မှာ ဗီတာမင်စီလည်း များစွာပါဝင်သောကြောင့် ကိုယ်ခံအားကို ကောင်းမွန်စေပါတယ်။ ကန်စွန်းရွက်က ခန္ဓာကိုယ်ထဲမှာရှိတဲ့ Free Radicals တွေကို လျှော့ချပေးတဲ့ ဓာတ်တိုးဆန့်ကျင်အာနိသင်တွေ ရှိနေတဲ့အပြင် ဗီတာမင်နဲ့ သတ္တုဓာတ်တွေ အစွမ်းကြောင့် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေဖို့ အထောက်အကူပြုပါတယ်။

၅။ **နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးတယ်။**

ကိုလက်စထရောတွေကို လျှော့ချပေးတဲ့အတွက် သွေးကြောပိတ်ဆို့တာတွေ မဖြစ်စေတော့ဘဲ နှလုံးနဲ့ လေဖြတ်တာတွေကို လျှော့ကျစေပါတယ်။

ဗီတာမင်အေနဲ့ စီတို့လို မရှိမဖြစ် လိုအပ်တဲ့ အာဟာရဓာတ်တွေ ပါရှိတဲ့အပြင် သွေးတွင်းကိုလက်စထရောကိုပါ ကျဆင်းစေတဲ့အတွက် နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးထိခိုက်ခြင်း၊ လေဖြတ်ခြင်းတွေကိုပါ ကာကွယ်ပေးပါတယ်။

ဖောလိတ်ဓာတ်ပါဝင်သောကြောင့် နှလုံးထိခိုက်၊ လေဖြတ်ခြင်းတို့ကိုဖြစ်စေတဲ့ အန္တရာယ်ဓာတ်ပစ္စည်း Homocysteine ကို ဟန့်တားပေးနိုင်ပါတယ်။ မဂ္ဂနီဆီယမ်ကြောင့် သွေးဖိအားကို ကျစေပြီး နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

၆။ **ကျောက်ကပ်ကို ကောင်းကျိုးပြုတယ်။**

ကျောက်ကပ်မကျန်းမာလို့ ဆီးပြဿနာတွေရှိလို့ ခံစားနေရတယ်ဆိုရင်လည်း ကန်စွန်းရွက်ကို စားပေးသင့်ပါတယ်။ ကန်စွန်းရွက်မှာ ရေဓာတ်ပါဝင်မှုများသောကြောင့် ဆီးသွားစေဖို့ အထောက်အကူပြုတာပါ။ ကျောက်ကပ်ကို အလုပ်ကောင်းကောင်းလုပ်နိုင်စေဖို့ ကူညီပေးပါတယ်။

၇။ **ကိုယ်အလေးချိန်ကျစေတယ်။**

ကန်စွန်းရွက်က ကိုလက်စထရောကျစေပြီး ကိုယ်အလေးချိန်ကျစေဖို့ အထောက်အကူပြုပါတယ်။ ကန်စွန်းရွက်ကို ကြော်စားပေးခြင်းဖြင့် Triglycoside လိုမျိုး မကောင်းတဲ့ ကိုလက်စထရောတွေကို လျှော့ကျစေပါတယ်။

၈။ **သွေးအားကောင်းစေတယ်။**

သံဓာတ်လုံလုံလောက်လောက် ရရှိမယ်ဆိုရင် သွေးအားနည်းရောဂါမဖြစ်စေနိုင်ပါဘူး။ ကိုယ်ဝန်ဆောင်ချိန်မှာဆိုရင် သံဓာတ်ကို ပိုပြီး အရေးတကြီး လိုအပ်ပါတယ်။ သံဓာတ်ပြည့်ဝနေမယ်ဆိုရင် သွေးနီဥဆဲလ်တွေ ဖြစ်ပေါ်မှုကို အားပေးပြီး သွေးအားကောင်းစေမှာပါ။ ကန်စွန်းရွက်နုနုလေးတွေက သွေးအားနည်းသူတွေအတွက် အကောင်းဆုံးဓာတ်စာပါ။

၉။ **အမာရွတ်ဖြစ်ခြင်း၊ အနီစက်တွေဖြစ်ပေါ်ခြင်းကို သက်သာစေတယ်။**

ကန်စွန်းရွက်မှာပါဝင်တဲ့ အာဟာရဓာတ်တွေဟာ အရေပြားဆဲလ်တွေ အသစ်ပြန်လည်ဖြစ်ပေါ်ဖို့အတွက် ကူညီပေးပါတယ်။

အရေပြားမှာ အမာရွတ်ဖြစ်ပေါ်ခြင်း၊ အနီစက်တွေဖြစ်ပေါ်စေခြင်းကို သက်သာစေနိုင်ပါတယ်။

အင်းဆက်ကိုက်ခံရသောကြောင့် အမာရွတ်ကျန်ခြင်းကို သက်သာစေချင်တယ်ဆိုရင် အနာပေါ်သို့ ကန်စွန်းရွက်လေး ကပ်ပေးလိုက်တာနဲ့ အဆင်ပြေသွားပါလိမ့်မယ်။



**တောင်လုံးကျော်ပင်**

တောင်လုံးကျော်ပင်(ခေါ်) ကင်ဆာဆေးပင်ကို ဒေသအလိုက် ကင်ဆာဆေးပင်၊ အကျိတ်ကြေပင်၊ အဆိပ်ပြေပင် စသဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြပါတယ်။

ရင်သားအကျိတ်များဖြစ်ပါက အကျိတ်နှစဉ် အရွက်ကို ကြိတ်ထောင်း၍ အုံပေးခြင်း(သို့မဟုတ်) သတ္တုရည်ကို သောက်ပေးခြင်းဖြင့် အတွင်းအကျိတ်နာများ သိသိသာသာ လျှော့ကျပျောက်ကင်းစေပါတယ်။

အဆိပ်ရှိသတ္တဝါအကိုက်ခံရပါက အရွက်ကို ပွတ်ခြေပြီး အုံပေးပါက အဆိပ်ကျဆင်းစေပါတယ်။

ကိုယ်တွင်းတွင် အကျိတ်နှင့် ရေအိတ်များဖြစ်ပါက အရွက်သတ္တုရည်ကို သောက်ပေးခြင်းဖြင့် ရေအိတ်နဲ့ အကျိတ်များကို သိသိသာသာ ကျုံ့စေပြီး လုံးဝပျောက်ကင်းစေပါတယ်။

ဆီးအောင့်နှင့် အဖောအရောင်ဖြစ်ပါက အရွက်လက်တစ်ဆုပ်ခန့်ကို ရေနှင့်သုံးခွက်တစ်ခွက်တင် ကျို၍ သောက်ပေးပါက ဆီးများများသွားပြီး အဖောအရောင်များ လျှော့ကျစေပါတယ်။ အသည်းကြီးရောဂါကိုလည်း သက်သာပျောက်ကင်းစေပါတယ်။

အထက်ပါရောဂါများအတွက် ဆေးရွက်လက်တစ်ဆုပ်စာကို ခူးယူပြီး ရေစင်အောင်ဆေးပါ။ ငရုတ်ဆုံ(သို့မဟုတ်)ကြိတ်စက်ထဲထည့်ပြီး အရည်စစ်ယူပါ။ ၄င်းအရည်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက်နီးပါး (တစ်ပတ်၊ နှစ်ပတ်ခန့် ဆက်တိုက်သောက်ပေးပါ။)



**စွန်ပလွန်သီး**

တစ်နေ့ကို နှစ်လုံးမှ သုံးလုံးလောက်ပဲ စားပေးရုံနဲ့ ခန္ဓာကိုယ်ရဲ့ တက်ကြွမှု၊ ဇီဝကမ္မဖြစ်စဉ်မျှတမှုနဲ့ ကျန်းမာရေးတစ်ခုလုံးကို သဘာဝအတိုင်း မြှင့်တင်ပေးနိုင်တဲ့ သစ်သီးကတော့ စွန်ပလွန်သီးပဲဖြစ်ပါတယ်။

စွန်ပလွန်သီးမှာ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်၊ ပိုတက်ဆီယမ်နဲ့ ဖော့စဖောရပ်စ်တို့လို အရေးပါတဲ့ ဓာတ်သတ္တုတွေ ကြွယ်ဝစွာပါဝင်ပါတယ်။

အရိုးသန်မာရေး၊ စွမ်းအင်ကောင်းကောင်းထုတ်လုပ်နိုင်ရေးနဲ့ သွေးစီးဆင်းမှုကောင်းမွန်ရေးတို့အတွက် အဓိက အထောက်အကူပြုပါတယ်။

သဘာဝသကြားဓာတ်တွေ ပါဝင်သောကြောင့် အလယ်အလတ်ပမာဏစားသုံးရင် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက် မမြင့်တက်စေဘဲ ခန္ဓာကိုယ်ကို စဉ်ဆက်မပြတ် ခွန်အားတွေ ပေးပါတယ်။

အမျှင်ဓာတ်မြင့်မားစွာ ပါဝင်တဲ့အတွက် အူလမ်းကြောင်းလှုပ်ရှားမှုကို ပုံမှန်ဖြစ်စေပြီး ကျန်းမာတဲ့ အစာခြေစနစ်ကို မြှင့်တင်ပေးပါတယ်။

စွန်ပလွန်သီးထဲက မဂ္ဂနီဆီယမ်နဲ့ B-complex ဗီတာမင်များဟာ ဦးနှောက်လုပ်ဆောင်ချက်ကို ကောင်းမွန်စေပြီး အာရုံစူးစိုက်မှုကို တိုးတက်စေကာ စိတ်ပင်ပန်းနွမ်းနယ်မှုကို လျှော့ချပေးနိုင်ပါတယ်။

ပိုတက်ဆီယမ်က သွေးပေါင်ချိန်ကို တည်ငြိမ်စေဖို့ ထောက်ပံ့ပေးပြီး သံဓာတ်က ခန္ဓာကိုယ်အနှံ့အပြားကို အောက်ဆီဂျင်လည်ပတ်မှု အားကောင်းစေဖို့ ကူညီပေးပါတယ်။



**ကျောက်သင်ပုန်းပင်**

ကျောက်သင်ပုန်းပင်ကို နတ်သမီးကွမ်းရွက်၊ နတ်သမီးကွမ်းတံတွေးပင်၊ ရေကြည်ပင် စသဖြင့် နေရာဒေသအပေါ်မူတည်ပြီး အခေါ်အဝေါ် ကွဲပြားကြပါတယ်။ အလေ့ကျပေါက်တဲ့ အပင်မျိုးဖြစ်ပါတယ်။ ဒီအပင်ဟာ ကင်ဆာရောဂါကို တွန်းလှန်ကာကွယ်ပေးနိုင်တဲ့ အင်န်တီအောက်ဆီးဒင့် ပါဝင်ပါတယ်။ ဗီတာမင်စီဓာတ်များပြီး ဗီတာမင်အေဓာတ်ကို ဖြည့်စွမ်းပေးတဲ့ Beta-carotene ပါဝင်ပါတယ်။

ရင်သားကင်ဆာဖြစ်ပါက အရွက်လက်တစ်ဆုပ်စာခန့်ကို သန့်ရှင်းစွာ ဆေးကြောပြီး ထုထောင်းကာ ရင်သားပေါ်ကို အရည်သုတ်လိမ်းပေးခြင်း၊ အဖတ်ကို အုံပေးခြင်း နေ့စဉ် ပြုလုပ်ပေးလျှင် ပျောက်ကင်းစေပါတယ်။

ထိခိုက်ရှနာ၊ ဒဏ်ရာအမျိုးမျိုး၊ အနာစိမ်း၊ ပြည်တည်၊ ဝက်ခြံ၊ အရေပြား ရောဂါအမျိုးမျိုးအတွက် အရွက်ကို ကြိတ်၍ အနာပေါ်အုံပေး၊ လိမ်းပေးပါက သက်သာပျောက်ကင်းစေပါတယ်။

ရေယုံရောဂါအတွက် အပင်၊ အရွက်၊ အပွင့်စတဲ့ တစ်ပင်လုံးကို နနွင်းနဲ့ ဆန်စေ့အနည်းငယ်တို့နဲ့အတူ ရောထောင်းပြီး ရေယုံနာပေါ်ကို တစ်ညခန့်အုံပေးပါက သက်သာပျောက်ကင်းစေပါတယ်။

ကျောက်သင်ပုန်းပင်တစ်ပင်လုံးကို ပြုတ်၍ ၄င်းဆေးပြုတ်ရည်နှင့် နံနက်တိုင်း မျက်နှာသစ်ပေးပါက ဝက်ခြံနဲ့ တင်းတိပ်များကို ပျောက်ကင်းစေပါတယ်။

ဒူလာရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါနဲ့ ဂေါက်ရောဂါများအတွက် ၄င်းအရွက်ကို ရေစင်အောင်ဆေးကြောပြီး သုပ်စားခြင်း၊ ပြုတ်စားခြင်း၊ တို့စားခြင်းများ ပြုလုပ်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

မျက်စိနာ၊ မျက်စိတိမ်ဖြစ်ခြင်းတို့အတွက် အရွက်လက်တစ်ဆုပ်ခန့်ကို သန့်စင်အောင် ရေဆေးပြီး အရည်ညှစ်ယူကာ မျက်စိကို အနည်းငယ်စီ တစ်နေ့လျှင် နှစ်ကြိမ် ခတ်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

ကြွက်နို့ပေါက်ပါက အပင်ကို အရည်ညှစ်ယူပြီး ကြွက်နို့ပေါ်သို့ ၄င်းအရည်ဖြင့် မကြာခဏတို့ပေးကာ ကြိတ်ဖတ်ကိုလည်း ကြွက်နို့ပေါ်သို့ အုံထားပေးပါက ပျောက်ကင်းစေပါတယ်။



**အာတာလွတ်ဥ**

အာတာလွတ်ဥမှာ Gluten ဓာတ်မပါဝင်လို့ အစာအိမ်နာတာ၊ အစာအိမ်နဲ့ အူလမ်းကြောင်း မအီမသာဖြစ်တာတွေ၊ အစာအိမ်ကင်ဆာဖြစ်တာတွေကို ကာကွယ်ပေးနိုင်ပါတယ်။

ပရိုတင်းဓာတ်နဲ့ သံဓာတ်ကြွယ်ဝစွာပါဝင်လို့ အရိုးတွေကို သန်မာစေပါတယ်။

အမျှင်ဓာတ်တွေ ကြွယ်ဝစွာပါဝင်လို့ အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။ ထို့အပြင် ဝမ်းချုပ်တာ၊ ဝမ်းလျှောတာတွေကို ကာကွယ်ပေးပါတယ်။ သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းထားပေးနိုင်ပါတယ်။ အမျှင်ဓာတ်ကြောင့် ကိုလက်စထရောများတာတွေကို မဖြစ်စေပါဘူး။

ကြေးနီဓာတ်နဲ့ သံဓာတ်ပါဝင်လို့ သွေးနီဆဲလ်တွေကို တိုးပွားစေပြီး ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်းတွေကနေ ကာကွယ်ပေးပါတယ်။ သွေးလည်ပတ်မှုကို ကောင်းမွန်စေလို့ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါတယ်။

ပိုတက်ဆီယမ်ဓာတ် ကြွယ်ဝစွာပါဝင်ပြီး နှလုံးနဲ့ပတ်သက်တဲ့ ပြဿနာတွေဖြစ်ပွားခြင်းကနေ ကာကွယ်ပေးပါတယ်။ ပိုတက်ဆီယမ်ဓာတ်ကြောင့် သွေးဖိအားကျစေပြီး လေဖြတ်ခြင်းနဲ့ နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချပေးပါတယ်။

ကိုယ်ဝန်ဆောင်မိခင်တွေကို ကျန်းမာစေပြီး ရင်သွေးလေးကိုလည်း ကျန်းမာစေပါတယ်။ ဖောလိတ်အက်စစ်ပါဝင်လို့လည်း ရင်သွေးလေးကို ကျန်းကျန်းမာမာနဲ့ မွေးဖွားစေနိုင်ပါလိမ့်မယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**ကျောက်တလုံးကြီး ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာရေးစုံညီပွဲတော်သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး တောင်ကြီးမြို့ ခရိုင်ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိန်းထွန်း၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ကြီးကြပ် ဆရာ ဦးချိုနိုင်ထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်က ပညာရေးစုံညီပွဲတော်ပြုလုပ်ရသည့် ရည်ရွယ်ချက်များကိုပြောကြားကာ မိဘဆရာအသင်း ကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခွန်သန်းထိုက်အောင်က ကျေးဇူးတင်စကားအသီးသီးပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ပညာရပ်အလိုက် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအတွက် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ကပြဖျော်ဖြေခဲ့ကြကြောင်းနှင့် ပညာရေးစုံညီပွဲတော်သို့ ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



# စာကြည့်တိုက်ပညာအခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၇**

ပညာပါရမီမေတ္တာနန္ဒ စာကြည့်တိုက်(မန္တလေး)က ဖွင့်လှစ်သောစာကြည့်တိုက်ပညာ အခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီက မန္တလေး၊ ၂၆လမ်း၊ ၆၁လမ်းနှင့်၆၂လမ်း ကြားရှိ ပညာပါရမီမေတ္တာနန္ဒ စာကြည့်တိုက်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ Youth Development Center မှ တာဝန်ရှိသူများ မြို့ပေါ်ရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်စာကြည့်တိုက်မှူး (ငြိမ်း)ဒေါ်ခင်နှင်းဦး၊ စာရေးဆရာ ခင်မောင်နှင်း(ကျောက်ပန်းတောင်း)နှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားကြပြီး ဒေါက်တာ ဒေါ်ခင်ခင်ရီက မှဒိတာစကား ပြောကြားသည်။

၎င်းနောက် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦး က လက်ခံရယူပြီး ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ပညာပါရမီမေတ္တာနန္ဒ စာကြည့်တိုက်(မန္တလေး)၏ စာကြည့်တိုက်ပညာ အခြေခံ သင်တန်းကို ဇန်နဝါရီ ၄ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်သင်ကြား ပေးရာ သင်တန်းသို့ သင်တန်း သား၊ သင်တန်းသူ ၃၅ ဦး တက် ရောက်ခဲ့ကြကာ သင်တန်းတွင် စာကြည့်တိုက်ဖွဲ့စည်းတည်ထောင် ခြင်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ စာအုပ်စုဆောင်းရေး စာဖတ်သူ ထံသို့ ပို့ဆောင်ပေးရေးနှင့်ပတ် သက်သော အကြောင်းအရာများ ကို သင်ကြားပို့ချပေးကြောင်း သိရသည်။

(အောက်ပုံ)

(၀၃၂)





# အောင်လံမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**အောင်လံ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဒုတိယဦးစီးမှူး ဒေါ်သီရိအေးက ဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးသန်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်း၊ အလုပ်လုပ်သောကလေးများအား ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာဆက်သင်ယူရန်နှင့် ကလေးများ လုပ်သော အလုပ်များနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကြောင်းတို့ကို အကျယ်တဝင့် ဟောပြောခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

* သက်ရှည်ကျန်းမာနေဖို့ရာ
စဉ်သာလမ်းလျှောက် ရောဂါပျောက်
ဉာဏ်ရောက်ကိုယ်စိတ် လိုက်စားလိုက်
စိတ်ကြိုက်နေရေး လမ်းလျှောက်ပေး
အလေးထားကာ လမ်းလျှောက်ပါလေ ။

* ကိုယ်လက်ညောင်းညာ လေးလံလာ
ထရာသွားရေး စဉ်နှောင့်နှေး
အသွေးအသား အကြောများ
စွမ်းအားပြန်ရ ကုစားပြ
လျှောက်ကြလမ်းလေး လျှောက်ကာပေး ။

* ရှင်လန်းတက်ကြွ စွမ်းဆောင်ပြ
လုပ်ကြသက်မွေး ဖြောင့်ဖြူးရေး
စိတ်အေးဖို့ရာ နေ့စဉ်မှာ
ခန္ဓာပေါ့ပါး လန်းဆန်းအား
ကြွက်သားပျော့ပျောင်း လမ်းလျှောက်ကြောင်း။

* ကိုယ်စိတ်ကျန်းမာ လိုက်စားပါ
ပွားကာအကျိုး တို့လူမျိုး
ဖွံ့ဖြိုးမြန်မာ တိုးတက်လာ
အနာဂတ်လမ်း စဉ်ကြိုးပမ်း
ကိုယ်ပါစိတ်ပါ လမ်းလျှောက်ရာ ။ ။

သောကြာကြယ်



## အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ် ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပရာ၌ အသုံးပြုမည့် (MEVM) မဲပေးစက်များ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက မဲပေးစက်များထားရှိသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ရတနာခန်းမ)သို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလင်းကျော်နှင့် သန္နိမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မဲပေးစက်ထားရှိသည့် နေရာများတွင် လျှပ်စစ်ဝါယာကြိုးများနှင့် လျှပ်စစ်မီးသွယ်တန်းထားရှိမှုအခြေအနေ၊ မီးသတ်ဆေးဘူးများ ထားရှိမှု ရှိ၊ မရှိ၊ အမှိုက်သရိုက်၊ လောင်စာများ ရှိ၊ မရှိနှင့် မီးဘေးလုံခြုံရေးပစ္စည်းများ ပြည့်စုံစွာထားရှိနိုင်ရေးတို့အား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်ယာဉ်အား ကုန်တင်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ

**နေပြည်တော် ဇန်နဝါရီ ၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၇၀/၅ နှင့် ၇၀/၆ကြားတွင် ဇန်နဝါရီ ၅ ရက် နံနက် ၅ နာရီခွဲခန့်က ရပ်ထားသောခရီးသည်ယာဉ်အား ကုန်တင်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အုတ်ရှစ်ကုန်းအမြန်လမ်းမီးသတ်စခန်းမှ သန္နိမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ကုန်တင်ယာဉ်မှ ယာဉ်မောင်း ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)အား သုခဝေစည် လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်မှ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နှင့် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်တို့၌ ယမန်နေ့က နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးအရေးယူထားသည်။



ဖြစ်စဉ်မှာ နံနက် ၁၁ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ မဇာခြည်မော်(၃၇)နှစ်၏နေအိမ်၌ လောင်းကစားနေကြောင်း သတင်းအရ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အတွင်းရှိ စားပွဲပေါ်မှ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇာခြည်မော်အား အောင်ပင်လယ်နယ်မြေရဲစခန်းတွင် လောင်းကစားဥပဒေဖြင့် လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲတွင် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်နေ အားကု(၆၈)နှစ်၏ နေအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အောက်ထပ်အခန်းအတွင်းရှိ စားပွဲခုံပေါ်တွင် သုံးလုံးထီရောင်းချရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားကုအား တာချီလိတ်မြို့မရဲစခန်းတွင် လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀

-၀-၀-၀-၀-၀-၀-

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့နယ်၊ ဘားအံ-သာယာကုန်း ရွာသွားကားလမ်း ကီလိုမီတာတိုင်အမှတ် 70km နှင့် 80km ကြား ခနိမ်းဒိုကျေးရွာ ဆိုင်းဘုတ်အနီး၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အိန္ဒူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အိန္ဒူကျေးရွာဘက်မှ သာယာကုန်းကျေးရွာဘက်သို့ မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာနေ ကျော်ဇင်ဟိန်း(ခ)ကိုရှိုင်း(၃၂)နှစ် မောင်းနှင်လာသော TOYOTA HI-LUX VIGO ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ မုန့်ဟင်းခါးဆိုင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်အတွင်းရှိနေသည့် အဆိုပါကျေးရွာနေသူများဖြစ်သည့် မနန်းစိုးစန္ဒာထွန်း(၂၇)နှစ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဒေါ်ရွှေငွေ(၆၇)နှစ်၊ ဒေါ်နော်အေးမိစံ(၄၈)နှစ်၊ ဒေါ်ခင်စန်းအေး(၄၇)နှစ်နှင့် ဒေါ်ခင်စန်းတင့်(၄၃)နှစ်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ကျော်ဇင်ဟိန်း(ခ)ကိုရှိုင်းအား အိန္ဒူနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀





## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၆ နာရီ ၄၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ တုံဆီကျေးရွာနေ စိုင်းယီ(ခ)လောက်ခမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျိုင်းမွန်းရှန်(ခ)ဖုန်းမအား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းယီ(ခ)လောက်ခမ်း (၂၇)နှစ်နှင့် ကျိုင်းမွန်းရှန်(ခ)ဖုန်းမ (၂၇)နှစ်တို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

## မုံရွာမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ မုံရွာမြို့၊ လယ်တီရပ်ကွက်၊ ကန်သာယာဈေးပတ်လမ်းတွင် မအေးအေးအောင်(ခ)တိုးတိုးဝင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မအေးအေးအောင်(ခ)တိုးတိုးဝင်း (၂၉)နှစ်အား မုံရွာနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၈)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးကြီးလှမြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးစိုးလှိုင် (ဘ) ဦးဘမြင့်(၉/ကဆန(နိုင်)၁၀၅၄၇၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်ဆွေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်ကြ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးခင်မောင်ဆွေ(ဘ)ဦးတင်အောင်(၉/မရမ(နိုင်)၀၂၅၃၉၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၁-က၊ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၇)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မျိုးသူဇာဌေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်တင်မျိုးခိုင်(ဘ) ဦးစန်းတင်(၉/မရမ(နိုင်)၀၁၉၀၂၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၆၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးမြင့်သန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဟန်စိုး(ဘ) ဦးတင်ထွန်း(၈/အလန(နိုင်)၁၉၄၄၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်နံပါတ်(၃၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးမောင်မောင်ကြီး(ခ)ဦးမောင်ကြီး အမည်ပေါက် မြေကွက်၏ အနောက်ဘက်အစွန်ဆုံးအခြမ်း (၁၀ပေ×ပေ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းယု(ဘ)ဦးခင်မောင်တိုး(၉/မဟမ(နိုင်)၀၅၅၅၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၁)၊ ဦးပိုင်အမှတ်(၉-ခ)၊ ဧရိယာ(ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးပေါ အမည်ဖြင့် ချထားရရှိထားသော မြေကွက်၏ အရှေ့ဘက်ခြမ်း (၂၂ပေ ၆လက်မ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (မြေသက်သက်)နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ထားကြပြီး စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူများဖြစ်ကြသည့် (အဘ)ဦးပေါ၏ သားသမီးများဖြစ်ကြသည့် ဒေါ်တင်ညို(၉/မနမ(နိုင်)၀၅၈၆၂၄)၊ ဒေါ်တင်ဝင်း(၉/မနမ(နိုင်)၀၅၈၈၀၄)၊ ဦးဇော်ဦး(၉/ပကခ(နိုင်)၀၀၈၉၃၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးငွေအောင် (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးလှဝေ (B.A, H.G.P)** — **အထက်တန်းရှေ့နေ**
**ဦးနိုင်လင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးအောင်ဇော်မြင့် (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးမင်းချစ်သူ (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်စာခြည်ဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ခင်ပြုံးဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**အကွက် (နန-၃၀/၁)၊ (ဓ)ရပ်ကွက်၊ ၅၅လမ်းနှင့် မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**၀၉-၄၂၆၈၀၈၅၈၁၊ ၀၉-၇၉၇၄၉၀၆၁၀**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိတောင်ရပ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၃၄၁)၊ အလျားပေ(၈၀)၊ အနံပေ(၈၀)၊ ဧရိယာ(၀ ဒသမ ၁၄၆)ဧက အကျယ်အဝန်းရှိ ဦးကောင်းကောင်း အမည်ပေါက် မြို့မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်သူ ဦးကောင်းကောင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသူဇာ(ဘ)ဦးထွန်းလှိုင်(၉/မဟမ(နိုင်)၀၁၇၈၀၁)ကိုင်ဆောင်သူမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး လက်ရှိလက်ရောက် အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်း လွှဲပြောင်းခြင်း စသည့်အခြားနည်းတစ်စုံတစ်ရာ ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုမူဆောင်ရွက်လာပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းမို့မို့ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၀၂၀/ ၂၀၁၇)**
**အကွက်(ဖ-၇)၊ အိမ်အမှတ်(၂၃၉)၊ ကံသာယာရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၃၈၀၁၊ ၀၉-၇၉၇၁၅၀၀၁၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာစီမံကိန်း၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၁၀၅)စတုတ္ထထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်ချိုလဲ့လဲ့ဝင်း(ဘ) ဦးတင်ဝင်း(၉/မတရ(နိုင်)၀၀၀၅၅၀)ထံမှ အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအာကာအောင်ဟိန်း(၅/ကဘလ(နိုင်)၂၃၁၈၈၂)နှင့် ဒေါ်အိသဉ္ဇာနွယ်(၅/ကလတ(နိုင်)၁၁၃၇၉၅)တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်သန္တာကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၆၅၁/ ၂၁-၁၂-၂၀၂၁)**
**အမှတ်(၆၃)၊ ၆၈လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၉၈၁၃၇၁၄**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၂)၊ ဦးပိုင်အမှတ်(၅၅)၊မြေကွက်ပေါ်တွင် ဒေါ်ညွှန့်ညွှန့်ထွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဟမလ(နိုင်)၀၀၀၀၇၁)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်နံပါတ်(၃၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်(ဘ)ဦးအောင်သောင်း(၉/မသန(နိုင်)၀၃၅၀၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၃၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးဝင်းသ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၄၅ ပေ × ပေ ၄၀)ထဲမှ မြောက်ဘက်ပိုင်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကြည်မြ(ဘ)ဦးပိုင်(၉/တတဥ(နိုင်)၀၅၂၂၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**

**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်သဲမိုမိုထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ ဦးပိုင်နံပါတ်(၇၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၃၀၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်နှင်းနု(ဘ)ဦးမောင်မောင်၊ ဒေါ်ငြိမ်းစုစံ(ဘ)ဦးမောင်မောင်(၉/ခအဇ(နိုင်)၀၁၁၂၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၇)၊ ဦးပိုင်နံပါတ်(၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်မီမီကြွယ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်မြတ်နိုးဦး(ဘ)ဦးဆန်းဦး(၉/မဟမ(နိုင်)၀၅၆၃၄၁)၊ ဒေါ်နှင်းထက်ထက်ဦး(ဘ)ဦးဆန်းဦး(၉/မဟမ(နိုင်)၀၅၈၆၀၁)နှင့် ဦးသန်းနိုင်ဦး(ဘ)ဦးဆန်းဦး(၉/မဟမ(နိုင်)၀၈၃၀၇၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးဝေဖြိုးသူ (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးဖြိုးသာခန့် (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ကောင်းစုဝမ်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချော၊ အမှတ်(၅)တိုးချဲ့ရပ်ကွက်ရှိ အုန်းချောမြေနေရာချထားရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၀၆) ဆုံးဖြတ်ချက်နှင့် အပိုဒ်ခွဲ(၄)အရ ဦးအုန်းလွင် အမည်ဖြင့် မြေကွက်သစ်နေရာ ချထားပေးသော မြေကွက်အမှတ်(၁၈၅)၊ အကျယ်အဝန်း ပေ(၄၀ × ၆၀) မြေနှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုသော ဦးစိုးဗညားဟိန်းလွင်(ဘ)ဦးစိုးလွင်(၉/ပသက(နိုင်)၀၉၄၇၃၈) အမှတ်(၅) အုန်းချောကျေးရွာနေထိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ကြည်(ဘ)ဦးဘကြည်(၉/အမရ(နိုင်)၀၅၁၇၉၃)မှ အပြီးအပြတ် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲထက်အောင် (LL.B, D.I.L)**<br>**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၆၆၁)**<br>**အမှတ်(၆)၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီး။**<br>**ဖုန်း ၀၉-၉၇၉၅၀၆၅၄၁**

**ဒေါ်ယဉ်ယဉ်မြင့် (LL.B, LLM, D.I.L)**<br>**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၉၈)**<br>**၄၁လမ်းနှင့် ၉၁လမ်း၊ မန္တလေးမြို့။**<br>**ဖုန်း ၀၉-၇၉၈၇၄၁၉၃၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်နံပါတ်(၁၀၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးမြင့်သိန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်မြင့်မြင့်အေး(ဘ)ဦးသုခ(၅/ရဘန(နိုင်)၀၂၅၆၉၃)နှင့် ဦးအာကာဖြိုး(ဘ)ဦးကျင်အောင်(၉/ခမစ(နိုင်)၀၉၁၉၃၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအပိုင်း(၂)၊ တန်ဖိုးမျှတ၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၄၀၆)၊ စတုတ္ထထပ်၊ ဒေါ်မြင့်မြင့်အေး(၅/ခဥန(နိုင်)၀၀၂၃၇၃) အမည်ဖြင့် ချထားရရှိထားသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ (ရေ+မီး)အစုံ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းရပ်များအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အိအိဇော်(၉/ခမစ(နိုင်)၀၃၃၈၈၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးထွန်းနိုင်ဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း ၈၀ နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၇၄၇၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၃)၊ ဦးပိုင်နံပါတ်(၁၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးတိုနီ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မေစင်ဦး(ဘ)ဦးကျော်မြင့်(၁/မကတ(နိုင်)၀၆၆၉၄၅) [၎င်း၏ကိုယ်စား ဦးပိုင်ဝေဦး(ဘ)ဦးရဲမြင့်အောင်(၁/မကတ(နိုင်)၁၀၅၉၁၄)] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၆)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တောဂရန်အမှတ်အမှတ်(၃၇၆၄/၉၂-၉၃)အရ ဦးမြင့်ဦး အမည်ဖြင့် ချထားပေးသော ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးကျော်ကျော်လွင်(ဘ)ဦးမြသောင်း(၉/မနတ(နိုင်)၀၉၅၆၉၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မိမိခင် (LL.B)** — **ဒေါ်စုအိမ်သူ (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၃၂လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၄၉၇၇၁၂၊ ၀၉-၄၃၁၀၆၃၂၈**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၅၈) မြေကွက်ပေါ်တွင် ဦးဇော်ဝမ်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/အတန(နိုင်)၀၀၀၂၈၆)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်...

❖ မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေ ပမာဏ၏ ၂၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၇-၈-၂၀၂၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၄) ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် (၁-၁-၂၀၂၆) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(သန်းသန်းဆွေ)

ဥက္ကဋ္ဌ

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂၇ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၁၂ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၁၅ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂၇ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant(Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရားမဝင်ပြည်ပနိုင်ငံသားများအား လွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ



## ဧရာဝတီအမျိုးသမီးအသင်းက ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း၏ MWL 2025-26 (Week-13) အဖြစ် ဧရာဝတီအမျိုးသမီးအသင်းနှင့် ပဒုမ္မာကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့ပြီး ဧရာဝတီအမျိုးသမီးအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဧရာဝတီအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးကို ပွဲချိန်(၂၇) မိနစ်တွင် ဖြူဖြူဝင်းက သွင်းယူပေးခဲ့သည်။

ရန်ကုန်အမျိုးသမီးအသင်းမှ ဧရာဝတီအမျိုးသမီးအသင်းအား ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် ဖိဖိစီးစီးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်လွဲချော်မှုများကြောင့် သွင်းဂိုးမရရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် ဧရာဝတီအမျိုးသမီးအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဧရာဝတီ အမျိုးသမီးအသင်းသည် လက်ရှိတွင် (၁၁)ပွဲကစား၊ (၉) ပွဲနိုင် ၊ (၃)ပွဲသရေ ရမှတ် ၃၀မှတ်ဖြင့် အဆင့် (၁)နေရာတွင် ရပ်တည်လျက်ရှိပြီး၊ ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည်လည်း (၁၁) ပွဲကစား၊ (၇) ပွဲနိုင်၊ (၂)ပွဲသရေ၊ (၂) ပွဲရှုံး၊ ရမှတ်(၂၃) မှတ်ဖြင့် အဆင့်(၃) နေရာတွေ ရပ်တည်လျက်ရှိသည်။

**(NGB)**